မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၈ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၂၀)

ဂုဏ်ပြုကြိုဆိုထောက်ခံ

**ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့်
အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းအခမ်းအနား
ဘားအံခရိုင် ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာ၌ကျင်းပ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ နောက်ဆုံးနေ့အဖြစ်ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ၂၀၀၅ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မွန်းလွဲ၂နာရီ၁၅မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက်ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ၂၀၀၅ ကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရောင်းချရေးကော်မတီဝင်များနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ပြည်တွင်းမှနိုင်ငံသားရတနာကုန်သည်များနှင့်ပြည်ပမှနိုင်ငံခြားသားရတနာကုန်သည်များက ကျောက်မျက်နှင့်ကျောက်စိမ်းများအား ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူနေမှုများကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

သဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များ

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း **အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာ အားကစားကွင်း၌** ကျင်းပရာ သဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင် စည်းလုံးညီညွတ်ရေးအဓိကကျ ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိဖွံ့ဖြိုးလာသည်ကို တွေ့မြင်နေရပြီ ပြည်တွင်းပြည်ပသွေးခွဲသပ်လျှိုမှုအန္တရာယ် တိုင်းရင်းသားအားလုံးလက်တွဲကာကွယ်

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင်များ၊ ပြည်နယ်အတွင်းရှိခရိုင်များမှ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဘားအံခရိုင်အတွင်းရှိ မြို့နယ်များမှ

စာမျက်နှာ ၆ ကော်လံ ၁ ✡

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာ အားကစားကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုမှုဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စေရန် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် နိုင်ငံ၏ပြည်တွင်း၊ ပြည်ပရန်စွယ်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တွန်းလှန်ကာကွယ်ခဲ့ကြသူများ ဖြစ်ကြသည်။

ထို့နောက် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ညီညီညွတ်ညွတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် လက်တွဲကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မျက်မှောက်ကာလတွင် အတိတ်ကသမိုင်းသင်ခန်းစာများကိုရယူကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထာဝရ ရှင်သန်ထွန်းကားရေးတို့ကို အဓိကဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစေရန် ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။

ယခုအခါ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် မူဝါဒလမ်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး၏ အပိုင်းတစ်ပိုင်းကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ လာမည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပတော့မည် ဖြစ်သည်။

အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ရေးအတွက် ပထမအဆင့်လည်းဖြစ်၊ အရေးအကြီးဆုံး အဆင့်လည်းဖြစ်၍ တိုင်းရင်းသား ပြည်သူအားလုံးက ကြိုဆိုလျက်ရှိကြသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်၏ အနာဂတ်မျှော်လင့်ချက်ဖြစ်သကဲ့သို့ ပြည်သူတို့လိုလားတောင့်တနေသည့် မူဝါဒလမ်းစဉ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများကို ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့မှ အောက်တိုဘာလ ၁၉ ရက်နေ့အထိ ပြည်နယ်နှင့်တိုင်းများရှိ ဒေသ ၁၇ နေရာ၌ အသီးသီးကျင်းပခဲ့ကြသည်။

အလားတူ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီခြေတော်ရင်းရှိ အားကစားကွင်း၌ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူကိုယ်စားလှယ်များ တက်ရောက်ကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကြိုဆိုထောက်ခံခဲ့ကြ ပေသည်။

ယခုတစ်ဖန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားများကို ပြည်နယ်နှင့် တိုင်း နေရာဒေသအသီးသီး၌ ဇန်နဝါရီလ ၂၅ ရက်နေ့မှစတင်၍ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ကြိုဆိုထောက်ခံလျက် ရှိကြသည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူအားလုံးက ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ပြည့်မြောက်စေရေး တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ကျန်းမာရေးဆိုင်ရာ စီမံကိန်းများအတွက် မိုက်ခရိုဆော့ဖ်ဥက္ကဋ္ဌက ဒေါ်လာသန်း ၇၅၀ လှူဒါန်း

လန်ဒန် ဇန်နဝါရီ ၂၆

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးကာကွယ်မှုဆိုင်ရာ စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာသန်း ၇၅၀ ကို မိုက်ခရိုဆော့ဖ်ဥက္ကဋ္ဌဖြစ်သူ သန်းကြွယ်သူဌေးကြီး ဘဲလ်ဂိတ်စ်က လှူဒါန်းမည်ဖြစ်ကြောင်း ဗြိတိသျှသတင်းစာတစ်စောင်က အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

ယင်းကဲ့သို့ လှူဒါန်းခြင်းနှင့် ပတ်သက်၍ ဘဲလ်ဂိတ်စ်က ပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးမညီမျှမှုကို ဆောင်ရွက်ကြရေး အနောက်အုပ်စုအစိုးရများအား တွန်းအားပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

လှူဒါန်း

အဆိုပါ လှူဒါန်းမှုသည် ဘဲလ်နှင့် မီလန်ဒါဂိတ်စ်ဖောင်ဒေးရှင်းမှကာကွယ်ဆေးဆိုင်ရာကမ္ဘာ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဂျီအေဗွီအိုင်)သို့ လှူဒါန်းခြင်းဖြစ်ပြီး ယင်းအဖွဲ့ကိုပြီးခဲ့သည့် ၂၀၀၀ ပြည့်နှစ်က စတင်ထူထောင်ခဲ့ကြောင်းလည်း သိရသည်။

ပူးပေါင်း

အဆိုပါ ဂျီအေဗွီအိုင်သည် အစိုးရအဖွဲ့အစည်းများ၊ ကာကွယ်ဆေးထုတ်လုပ်သူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ရောဂါကာကွယ်ရေးဆိုင်ရာများကို အကူအညီပေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အာဖရိကငှက်ဖျားသုတေသနဌာနများနှင့် ယူဂန္ဓာက အင်တာနက်မှတစ်ဆင့် ဆက်သွယ်မည်

ကမ်ပါလာ ဇန်နဝါရီ ၂၆

ယူဂန္ဓာနိုင်ငံသည် အာဖရိက ငှက်ဖျားရောဂါဆိုင်ရာ သုတေသနဌာနများနှင့် အင်တာနက်မှတစ်ဆင့် ဆက်သွယ်ရန် ဆွီဒင်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(အက်စ်အိုင်ဒီအေ)နှင့် အမေရိကန်ပြည်ထောင်စုအမျိုးသား ဆေးဘက်ဆိုင်ရာစာကြည့်တိုက်များမှအမေရိကန်ဒေါ်လာ ၇၂၀၀၀ လက်ခံရရှိ ခဲ့ကြောင်း ဒေသခံသတင်းစာတစ်စောင်က ဖော်ပြသည်။

ယူဂန္ဓာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ငှက်ဖျားရောဂါဆိုင်ရာ အီလက်ထရွန်းနစ် သုတေသနကွန်ရက်နှင့်ပူးပေါင်းဆောင်ရွက်ရန်အတွက် ဇမ်ဘီယာ၊ ကွန်ဂို၊ဘရာဇီဗီလီနှင့် နိုင်ဂျီးရီးယားရှိ အခြားငှက်ဖျားရောဂါဆိုင်ရာ သုတေသနဌာနများနှင့် အင်တာနက် အဆက်အသွယ်ပြုလုပ်ရန် ကမ်ပါလာရှိ မူလာဂိုဆေးရုံကို ရွေးခြယ်ထားပြီးဖြစ်သည်။ စီမံကိန်း ပုံစံထုတ်ခြင်းနှင့် အကောင်အထည်ဖော်မှုကိုဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ရှိ တော်ဝင်နည်းပညာသိပ္ပံဌာန၌ ဇန်နဝါရီ ၁၇ ရက်တွင် စတင်ခဲ့သည်။

ငှက်ဖျားရောဂါကြောင့် နှစ်စဉ် လူတစ်သန်းသေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ အဆိုပါ သေဆုံးမှုများ၏ ၉၀ ရာခိုင်နှုန်းမှာ အာဖရိကမှဖြစ်သည်။ ယူဂန္ဓာနိုင်ငံတွင် အဆိုပါ ငှက်ဖျားရောဂါကြောင့် နှစ်စဉ် လူ၈၀၀၀၀ ခန့်သေဆုံးသည်။

အမ်အင်အေ၊ ဆင်ဟွာ

ပထမကမ္ဘာစစ်နောက်ဆုံးလက်ကျန်အီတလီစစ်မှုထမ်းဟောင်းကြီး အသက်(၁၁၀)၌ကွယ်လွန်သွားပြီဖြစ်ကြောင်းကြေညာ

ရောမ ဇန်နဝါရီ ၂၆

နောက်ဆုံးလက်ကျန် ခြေလျင်တပ်သားကြီးဟု ထင်ရှားသော ပထမကမ္ဘာစစ်မှ အီတလီစစ်မှုထမ်းဟောင်းကြီး ကာလိုအိုရီလီသည် အသက်(၁၁၀)၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း အီတလီအစိုးရက အင်္ဂါနေ့၌ ကြေညာသည်။

အိုရီလီသည် အီတလီနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသရှိ ထရိုင်အက်စ်တီ ဝန်းကျင်တွင် ပထမကမ္ဘာစစ်အတွင်း၌ ခြေလျင်တပ်သားအဖြစ် တိုက်ပွဲဝင်ခဲ့သည်။ ၁၉၁၄-၁၉၁၈၌ ဖြစ်ပွားခဲ့သည့် ပထမကမ္ဘာစစ်၏ နောက်ဆုံးလက်ကျန် အိုရီလီသည် ဂုဏ်သတင်း အနည်းငယ်မျှသာ ကျော်ကြားခဲ့ပြီး စစ်အခြေခံထားသော သူ၏နေ့စဉ်မှတ်တမ်းများကို ယမန်နှစ်က စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့် မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဦးဉာဏ်လင်း	ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဦးသိန်းဝင်း	ကျောင်းအုပ်ကြီး ပဲခူးဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့လေကြောင်းဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်မောင်ထွန်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြဝတီရုပ်မြင်သံကြား

၂၈-၁-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ ဆို၊ က၊ ရေး၊ တီး အစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီး သီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု –Aesthetic, The Nature of Aesthetic (တတိယနှစ်-ဒဿနိက အထူးပြု)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ မိုးလေဝသသတင်း
၆:၂၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း အပိုင်း(၁၈)
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၅)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"**(အပိုင်း-၁၅)

ဇန်နဝါရီ ၂၇ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၈) ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ-၂၀၀၅ သို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

● ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပေ ၁၀၀ အရှည် ကွန်ကရစ် ရက်မများကို ရေလယ်တိုင်အမှတ် P.6နှင့် P.5 ကြား၌ တပ်ဆင်နေမှုကိုလည်းကောင်း၊ တံတားပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြစ်ငယ်တံတားသည် ပင်မ တံတားတိုင်များ အပါအဝင် အောက်ခြေ (Sub Structure) အားလုံး ပြီးစီးပြီဖြစ်သည်။ အပေါ်ထည်ပိုင်း (Super Structure)တွင် ပေ ၆၀ လေးခန်းတို့ကို RC Girder တင်ပြီး ဖြစ်သည်။ပေ ၁၀၀ ခြောက်ခန်း အတွက် PC Girder ၈၄ လုံး သွန်းလောင်းရန်ရှိရာ ၆၅ လုံး သွန်းလောင်းပြီး ဖြစ်သည်။သွန်းလောင်းပြီး PC Girder များအား လွှန်းထိုးတင်ခြင်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ၃၁ ရက်တွင် အပြီးဆောင်ရွက်သွားမည် ဖြစ်သည်။

တံတားတစ်စင်းလုံး၏ တည်ဆောက် ပြီးစီးမှုမှာ ၇၅ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက်တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းစစ်ကိုင်းဘက်ကမ်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်ကမ်းမှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးမြင့်ကြည်က ပစ္စည်းလိုအပ်ချက်နှင့် ရရှိမှုအခြေအနေ၊ စက်ယာဉ်ယန္တရားများ အခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေ၊၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းလျာထားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဧရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ကမ်းချဉ်းကပ်တံတား အပိုင်း တည်ဆောက်ရေးလုပ်ငန်း၌ ယခုအခါ တံတားတိုင် A_2 နှင့် G_1 မှ G_{11} အထိ တိုင် ၁၁ တိုင်ကို Cross Beam အားလုံးဆောင်ရွက်ပြီး ဖြစ်သည်။ ၆၅ ပေ RC Girder ၉၀ လုံး ကွန်ကရစ်လောင်းခြင်း လုပ်ငန်းများ ပြီးစီးပြီး A_2 နှင့် G_7 အကြား ကွန်ကရစ်ရက်မအလုံး ၅၀၊ G_4 နှင့် RP_8 ကြား ကွန်ကရစ်ရက်မ အလုံး ၄၀ တို့ကို နေရာချထားပြီးဖြစ်သည်။ G_4 နှင့် RP_8 အကြား သံကူကွန်ကရစ်ကြမ်းခင်းလေးခန်းမှ လေးခန်းစလုံးနှင့် G_7 နှင့် G_9 ကြား သံကူကွန်ကရစ်ကြမ်းခင်းနှစ်ခန်း စုစုပေါင်း ခြောက်ခန်း ကွန်ကရစ်လောင်းပြီး ဖြစ်သည်။ G_9 နှင့် G_{10} ကြား ကြမ်းခင်းသံ ဆင်ဆဲဖြစ်သည်။

စစ်ကိုင်းဘက်ကမ်း ပင်မတံတား တည်ဆောက်ရေး လုပ်ငန်းအပိုင်း၌ RP_8 နှင့် RP_7 တိုင်များကို Cross Beam များ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ RP_6 ၌ Bored Pile အလုံး ၂၀ ဆောင်ရွက်ပြီးဖြစ်ရာ ယခုအခါ Cap ခုံ ဆောင်ရွက်ဆဲဖြစ်သည်။ RP_5 ၌ Bored Pile ၂၅ လုံး ဆောင်ရွက်ပြီးစီးပြီး ဆက်လက်၍နှစ်လုံးဆောင်ရွက်ဆဲဖြစ်သည်။ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းအပိုင်း၌ RP_8 နှင့် RP_7 အကြား ရှစ်မီတာ ၁၄ ခန်းတွင် ၁၄ ခန်းစလုံးတပ်ဆင် ပြီးစီးသွားပြီဖြစ်ကြောင်းနှင့် RP_7နှင့် RP_8 အကြားရှစ်မီတာ ၁၄ ခန်းမှ လေးခန်း တပ်ဆင်ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ)မန္တလေးဘက်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ အခြေအနေနှင့် ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ရေးအပိုင်း၌ တံတားတိုင် M_1 မှ M_{16} အထိ Bored Pile အလုံး ၁၆၀ ဆောင်ရွက်ပြီးဖြစ်သည်။ M_1 မှ M_{16} ရှိ Cross Beam များ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ၆၅ ပေ Girder ၁၂၈ လုံး ကွန်ကရစ်လောင်းပြီးဖြစ်သည်။ RP_1 မှ M_6 အထိ ကွန်ကရစ် ရက်မအလုံး ၆၀ နှင့် M_7 မှ M_{13} အထိ ရက်မအလုံး ၆၀ နေရာချထားပြီးဖြစ်ပြီး RP_1 နှင့် M_2 ကြား၌ သံကူကွန်ကရစ် ကြမ်းခင်းနှစ်ခန်း ကွန်ကရစ်လောင်းပြီး ဖြစ်သည်။

ပင်မတံတား တည်ဆောက်ရေးအပိုင်း၌ RP_1 နှင့် RP_2 တို့တွင် Cross Beam ဆောင်ရွက်ပြီးစီးနေပြီး RP_3 ၌ Bored Pile ၂၄ လုံးနှင့် RP_4 ၌ Bored Pile ၁၄ လုံး ဆောင်ရွက်ပြီးဖြစ်သည်။

မန္တလေးဘက်ကမ်း သံပေါင်တပ်ဆင်ခြင်းအပိုင်း၌ RP_1 နှင့် RP_2 ကြားတွင် ရှစ်မီတာ၁၄ ခန်း၊ RP_2 နှင့် RP_3 အကြား၌ ရှစ်မီတာ ငါးခန်း တပ်ဆင်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက်တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော သက်တော် ၉၅ နှစ် သိက္ခာတော် ၇၄ ဝါရှိ မန္တလေးမြို့ ဘုရားကြီးတိုက် နယားကျောင်းဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ မေဓိယာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထားပြီး လှူဖွယ် ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးမှ ကြီးမှူးကျင်းပသော (၇၃)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ၊ ဆုနှင်းသဘင်အကြိုတရားပွဲများအဖြစ် ဇန်နဝါရီ ၂၉ရက်(စနေနေ့)တွင် ပုပ္ပားစကားဝါမြေ အရှင်ပညာဝံသကလည်းကောင်း၊ ဇန်နဝါရီ ၃၀ ရက်(တနင်္ဂနွေနေ့)တွင် ရဝေနွယ် (အင်းမ)အရှင်ရာဇိန္ဒကလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မရမ်းကုန်းမြို့နယ် အထက(၄) ခန်းမတွင် ဇန်နဝါရီ၂၅ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့်ဟောပြောပွဲကျင်းပရာ စာကြည့်တိုက်တွင် အသုံးပြုမည့် စာအုပ်စာစောင်များကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီက မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဘင်းမ်စတက်ဒေသဆိုင်ရာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော ဘင်းမ်စတက်ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ကျွမ်းကျင်သူ/နိုင်ငံကိုယ်စားလှယ်များ၏ ပဌမအကြိမ် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ဒူးဇစ်အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်း အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြမည့် စွမ်းအင်၊ လျှပ်စစ်စွမ်းအား၊ သတ္တုတွင်း၊ သစ်တော၊ သိပ္ပံနှင့်နည်းပညာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရန်ကုန်မြို့ရှိ အဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်သည်။ အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အစည်းအဝေးကို ဆက်လက်ကျင်းပရာ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က သဘာပတိအဖြစ်ဆောင်ရွက်၍ ဘင်းမ်စတက်ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ စွမ်းအင်ကဏ္ဍတွင် အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများ၏ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။**(သတင်းစဉ်)**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော ဘင်းမ်စတက်ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ကျွမ်းကျင်သူ/နိုင်ငံကိုယ်စားလှယ်များ၏ ပဌမအကြိမ် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာပေဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၉၃ ရပ်ကွက် အောင်သုခ ပရိယတ္တိစာသင်တိုက်၏ ဦးစီးနာယက ဆရာတော် ဦးစန္ဒိမာ(စာရေးဆရာဇာနည်သွေး) က နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို အထက်ပါကျောင်းတိုက်၌ ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

တက်ရောက်အားပေး

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲတွင် စာရေးဆရာ ကျော်လှိုင်(ရန်ကုန်တက္ကသိုလ်)၊ တက်လူ၊ အကယ်ဒမီဆွေဇင်ထိုက်နှင့် မောင်စိန်ဝင်း (ပုတီးကုန်း)တို့က စာပေရေးရာများ ဟောပြောကြမည်ဖြစ်ရာ စာပေဝါသနာရှင်များ တက်ရောက်အားပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)လေးနှစ်သင်တန်းအမှတ်စဉ်(၃၆)မှ ကျောင်းသား ကျောင်းသူများ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ယဉ်ကျေးမှုတက္ကသိုလ် ပန်းချီဌာနတွင် လက်တွေ့ဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းသားသင်တန်းသူများ ရွှေတိဂုံစေတီတော်ဖူးမြော်၊ ရန်ကုန်မြို့တွင်းကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ)လေးနှစ်သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသားသင်တန်းသူများသည် လေ့လာရေးခရီးစဉ်စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်း၊ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒုတိယပါမောက္ခချုပ် ဒေါ်ခင်စီစီနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ရောက်ရှိလေ့လာကြရာ သူရဲကောင်းစစ်သည်ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး တပ်မတော်မှတ်တမ်းရုံးတပ်မှူးနှင့်အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

သူရဲကောင်းစစ်သည်ဗိမာန်

ထို့နောက် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် သူရဲကောင်းစစ်သည်ဗိမာန် ကင်းသစ်၊ ကင်းဟောင်း လဲလှယ်မှုစစ်ရေးပြ အစီအစဉ်ကို လေ့လာကြည့်ရှုပြီး သူရဲကောင်းစစ်သည်များအား ပန်းခြင်းချ အလေးပြုကြသည်။

ထို့နောက် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် သူရဲကောင်းစစ်သည်ဗိမာန်အတွင်း ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြောကြား

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့က ကြိုဆိုပြီး စေတီတော်မြတ်ကြီး၏ သမိုင်းနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဒဂုံတက္ကသိုလ်လေ့လာ

ထိုမှတစ်ဆင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ရောက်ရှိရာ ဒုတိယပါမောက္ခချုပ် ဦးတင်လတ်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် လေ့လာရေးသင်တန်းသား သင်တန်းသူများသည် ဒဂုံတက္ကသိုလ်ရှိ သိပ္ပံနှင့်ပထဝီဘာသာရပ်ပြခန်းများအပါအဝင် ဘာသာရပ်ဆိုင်ရာပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဦးတင်လတ်က ဒဂုံတက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား သင်တန်းသူ များသည် ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ယဉ်ကျေးမှုတက္ကသိုလ်သို့ရောက်ရှိရာ ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ပါမောက္ခချုပ် ဦးတင်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ယဉ်ကျေးမှုတက္ကသိုလ် အကြောင်း သိကောင်းစရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့မှ ကျောင်းသား ကျောင်းသူများ၏ ဂီတနှင့်သဘင်အနုပညာတို့ဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ လေ့လာရေး သင်တန်းသား သင်တန်းသူများသည် ယဉ်ကျေးမှုတက္ကသိုလ် ပန်းချီ၊ ပန်းပုဌာနတို့မှ လက်တွေ့ဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာကြသည်။

အမျိုးသားအားကစားပြိုင်ပွဲရုံ

လေ့လာရေး သင်တန်းသား သင်တန်းသူများသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားလုပ်ငန်းရေးရာအဖွဲ့ ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အားကစားဝန်ကြီးဌာနက မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်နေမှုများကို ပြောကြားပြီး ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် အားကစားပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်က အမှတ်တရလက်ဆောင်ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီး၏ အားကစား သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား သင်တန်းသူများသည် စမ်းချောင်းမြို့နယ်ရှိဒဂုံစင်တာသို့ ရောက်ရှိလေ့လာကြရာ ဒဂုံစင်တာအုပ်ချုပ် ရေးမှူး ဦးထွန်းအေးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဒဂုံစင်တာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အစည်းအဝေးကို ယနေ့မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိအစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူးဦးလှထွန်း(လှထွန်း-တွံတေး)နှင့်တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့် အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်အစည်းအဝေး(၁၂/၂၀၀၄) ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊စည်းရုံးရေး လုပ်ငန်းအဖွဲ့၊ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေး လုပ်ငန်းအဖွဲ့၊စာရင်းစစ်အဖွဲ့၊ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့တို့၏အဖွဲ့ခေါင်းဆောင်များက အဖွဲ့အလိုက်လုပ်ငန်း ဆောင်ရွက်ထားမှုများကိုတင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရေကျိုးမြို့မ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဘုရားကြီးလမ်း ရေကျိုးမြို့မကျောင်းတိုက် ရေကျိုးမြို့မ ဓမ္မသဘင်တွင် ဇန်နဝါရီ ၂၉ရက်(စနေနေ့)တွင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် စာချဓမ္မကထိက အရှင်သုစိတ္တအရှင်သူမြတ်က လည်းကောင်း၊ ၃၀ရက်(တနင်္ဂနွေနေ့)တွင် စမ်းချောင်းဥယျာဉ်တိုက် အရှင်ယောသိတ(မင်းဘူး)အရှင်သူမြတ်က လည်းကောင်း ညစဉ်၇နာရီခွဲ၌ တရားဓမ္မများဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ပုပ္ပားစကားဝါမြေဆရာတော် ဓမ္မခရီးစဉ်များ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၃ ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဇန်နဝါရီ ၂၉ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဝိနယာ နုဂ္ဂဟစာတော်ပြန်ပွဲ၊ ဖေဖော်ဝါရီ ၁ ရက်တွင် ရွှေပြည်သာမြို့နယ် ထ/၁၆ ရပ်ကွက် ဆွမ်းအောင်ပွဲ၊ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် ရွှေပြည်သာမြို့နယ် ဏ/၁၄ရပ်ကွက် ပန်းခြံ(၃) မိသားစု၏ ဓမ္မပူဇာပွဲ၊ ဖေဖော်ဝါရီ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျုံပျော်မြို့နယ် ကျုံတနီးကျေးရွာ ဗုဒ္ဓပူဇနိယ ပွဲ၊ဖေဖော်ဝါရီ၁၄ ရက်တွင် ရွှေပြည်သာမြို့နယ် ဏ/၁၄ ရပ်ကွက် ပန်းခြံ(၂၂)မှ (၂၅)မိသားစုတို့၏ ဓမ္မပူဇာပွဲ၊ ဖေဖော်ဝါရီ၁၇ ရက်မှ ၁၉ ရက်အထိ မော်လမြိုင်ကျွန်းမြို့နယ် ရာဇူတိုင်ကျေးရွာ ဓမ္မပူဇာပွဲ၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် ရွှေပြည်သာမြို့နယ် တ/၁၅ရပ်ကွက် ဓမ္မပူဇာပွဲ၊ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ညောင်တုန်းမြို့ သုဓမ္မာစာတော်ပြန်ပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ **(က-ပ)**

ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ကျင်းပသော မြန်မာတုန်းတာကုန်စည်ပြပွဲတွင် ရွှေရည်ဝင်း တိုင်းရင်းဆေးဝါးလုပ်ငန်းက မြတ်ရတနာတိုင်းရင်းဆေးများ ရောင်းချပေးစဉ်။ (က-ပ)

ဇန်နဝါရီ ၂၆ရက်က မြန်မာတုန်းတာ ကုန်စည်ပြပွဲ ၂၀၀၅ ဖွင့်ပွဲ အလွတ်တန်း ပန်းချီပြိုင်ပွဲတွင် ပထမဆုရ မောင်နေအောင်ရှူအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ရှိ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန စက်သုံးဆီများ ရေယာဉ်ပေါ်မှ စုပ်ယူတင်ပို့မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းဆွေ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန အထွေထွေမန်နေဂျာ ဦးထွန်းမြင့်ဦး၊ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ရှိ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန စက်သုံးဆီ ဆီတင်၊ ဆီချဌာနသို့ သွားရောက်၍ စက်သုံးဆီတင် ရေယာဉ်မှ ပင်မဌာနဆီသိုလှောင်ကန်သို့ စက်သုံးဆီများ စုပ်ယူတင်ပို့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများ အား စက်သုံးဆီများလေလွင့်ဆုံးရှုံးမှုမရှိရေး၊ အချိန်မီပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး၊ မသမာမှုများ မဖြစ်ပေါ်စေရေး စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ပင်မဌာနရှိ ဆီသိုလှောင်ကန်ပေါ်သို့ တက်ရောက်၍ စက်သုံးဆီများသိုလှောင်ထားရှိမှုအခြေအနေနှင့် စာရင်းဇယားများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မီးဘေးအန္တရာယ် အထူးဂရုပြု ဆောင်ရွက်ရေး၊ စာရင်းဇယားများစနစ်တကျ ထိန်းသိမ်းထားရှိရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၆၃၃)သို့ ရောက်ရှိပြီး စက်သုံးဆီ သိုလှောင်ထားရှိမှု၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို စက်သုံးဆီများ ဖြန့်ဖြူး ရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား စက်သုံးဆီထုတ်ယူသူများ အဆင်ပြေချောမွေ့စေရေး၊ သတ်မှတ်နှုန်းထားများ အပြည့်အဝရရှိရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေး ဂရုပြုဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိ၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဒေါက်တာစန်းဦးနှင့်အတူ ဓာတ်အားထိန်းချုပ်ခန်းအတွင်း၌ ဓာတ်အားဝင်ရောက်မှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု၊ ဓာတ်အားခွဲရုံအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး၊ အလေအလွင့်နည်းပါးရေးစနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စဥ့်ကိုင်မြို့နယ် ချမ်းသာကုန်းလမ်းဆုံရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်သို့ ရောက်ရှိပြီး Compresser စက်သစ်များရောက်ရှိလာမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား စက်ချို့ယွင်းနေသော Compresser စက်များ အမြန်ပြန်လည်ပြုပြင်ရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (အဆင့်မြင့်ပညာအဆင့်) ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ) ခန်းမ၌ ကျင်းပရာ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခဒေါက်တာကျော်ဝင်း ခေါင်းဆောင်သော အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပါမောက္ခများ၊ ဆရာ၊ဆရာမများ၊ ပြိုင်ပွဲဝင်နှင့် လေ့လာသူ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသားကျောင်းသူ ၁၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမဆုကို တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းချမ်းငြိမ်းသူ၊ ဒုတိယဆုကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မသန်းသန်းနိုင်၊ တတိယဆုကို ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ မချောမြမြစိုးအောင်တို့က အသီးသီးရရှိကြသည်။

ယမန်နေ့ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ၂၀၀၅ခုနှစ် မတ်၂၇ ရက်နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနား၌ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တွံတေးမြို့ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဘိုးသန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက တွံတေးမြို့နယ် မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်အဖွဲ့သည် တွံတေးမြို့နယ် ပေါင်းတော်ချုပ်ဘုရားအနီးရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာနသို့ သွားရောက်၍ ပြုစုစောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများအား ပြုစုစောင့်ရှောက်ထားရှိမှုနှင့် အိမ်တွင်းမှု သက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒလမြို့ရှိ မြို့နယ် မီးသတ်စခန်းသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရီးစဉ်အတွင်း တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များအားမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် ဇန်နဝါရီ ၂၇

၂၇-၁-၂၀၀၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၈) ကော်လံ(၃) စာကြောင်းရေ(၃၉)နှင့် စာမျက်နှာ(၉) ကော်လံ(၃)၌ ဖော်ပြပါရှိသော အမှတ်စဉ်(၄)တွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

အထက-၁ မရမ်းကုန်း(သမိုင်းမြို့မ အထက) သက်ကြီးအာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

အထက-၁ မရမ်းကုန်း (သမိုင်းမြို့မ အထက) နှစ်(၆၀)ပြည့်အကြို (၁၀)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိရာ ပူဇော်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ကျောင်းအုပ်ဆရာကြီး (ငြိမ်း)ဦးမြင့်ဆွေ (ခေတ္တရာမြင့်ဆွေ)နှင့်သားမောင်မောင်ကို၊ သမီး ဥမ္မာမြင့်(ပညာရွှေရောင် မိတ္တူ၊ ကွန်ပျူတာစာစီလုပ်ငန်း) မိသားစုက အလှူငွေကျပ်တစ်သိန်းကို ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းထံသို့ ယမန်နေ့က ပေးအပ်လှူဒါန်းသည်။**(အောက်ဝဲပုံ)**

အလားတူ အလှူငွေနှင့် ပစ္စည်းလှူဒါန်းလိုသူများသည် ဗိုလ်မှူးအောင်စိုး(ငြိမ်း)၊ ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးစိန်ဝင်း (မြန်မာ့ရေနံ) ဖုန်း-၀၉-၅၀-၂၀၃၀၆၊ ဦးမြတ်စိုးလှိုင် ဖုန်း-၅၀၀၄၄၃၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးအေးဝင်း ဖုန်း-၆၆၅၅၅၂၊ ဦးမြတ်ထွန်း ဖုန်း-၆၆၂၀၁၅၊ ဦးကျင်စိုး ဖုန်း-၆၆၂၀၂၉၊ ဒေါက်တာအောင်မြသိန်း ဖုန်း-၆၅၁၅၂၆၊ ဒေါ်ခင်မြ ဖုန်း-၆၅၁၅၈၉၊ ဦးမောင်မောင်သိန်း ဖုန်း-၆၉၀၁၃၅နှင့် ဒေါ်အေးအေးလှိုင် ဖုန်း-၆၆၆၇၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အေးချမ်းတည်ငြိမ်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုရှေးရှု ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု နေ့မအားညမနားတည်ဆောက်ခဲ့

✡ **ရှေ့ဖုံးမှ**

မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အိန္ဒြစံပြကျေးရွာအုပ်စု၊ နောင်လုံအနောက်ကျေးရွာအုပ်စု၊ နောင်လုံအရှေ့ကျေးရွာအုပ်စု၊ ကော့သင်းရှုးကျေးရွာအုပ်စု၊ ကော့ကဒါကျေးရွာအုပ်စု၊ ကော့စိန်ဘန်အောက်ကျေးရွာအုပ်စု၊ ကော့စိန်ဘန်အထက်ကျေးရွာအုပ်စု၊ အိန္ဒဲကျေးရွာအုပ်စု၊ လွန်းညကျေးရွာအုပ်စုတို့မှ တိုင်းရင်းသားပြည်သူများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း အင်အား၁၀၀၀ကျော် တက်ရောက်ကြသည်။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒြစံပြကျေးရွာ၌ ကျင်းပရာ သဘာပတိ ဘားအံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောအေးလွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေရာယူ

အခမ်းအနားမစတင်မီ နံနက် ၆နာရီခွဲတွင် စုရပ်အသီးသီးမှ စစ်ကြောင်းများဖြင့် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပသည့် အိန္ဒြစံပြကျေးရွာအားကစားကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဘားအံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောအေးလွင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဘားအံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းအေးမေ၊ ဘားအံခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်နော်အိန်ဂျလာဖေ၊ ဘားအံခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင် ဦးစောထွန်းလှမြိုင်၊ အိန္ဒြစံပြကျေးရွာရပ်မိရပ်ဖ ဦးထွန်းစိန်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ဘားအံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်လှိုင်၊တွဲဖက်အခမ်းအနားမှူးအဖြစ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ပပဝင်းတို့က ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက စင်မြင့်အထက်၌ လွှင့်ထူထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောအေးလွင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော် စုပေါင်းနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ တိုင်းရင်းသားညီနောင်သွေးချင်းများသည် ရှေးနှစ်ပေါင်းများစွာကတည်းက အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုအပြည့်နှင့် တစည်းတလုံးတည်းနေထိုင်ခဲ့ကြပြီး အမိမြေကို ထိပါးလာသမျှ အန္တရာယ်ရန်စွယ်တွေကို သက်စွန့်ကြိုးပမ်းကာကွယ်ထိန်းသိမ်းခဲ့ကြကြောင်း၊ သူ့ကျွန်ဘဝနှစ်ပေါင်း ၁၀၀ ကျော်နေထိုင်ခဲ့ရစဉ်က ကိုလိုနီနယ်ချဲ့တို့သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုပြိုကွဲစေရန် နည်းလမ်းအမျိုးမျိုး အသုံးပြုပြီး မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ရိုက်ချိုးဖျက်ဆီးခဲ့သော်လည်း သွေးချင်းညီအစ်ကိုများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် တွန်းလှန်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပင်လုံညီလာခံကြီးတွင် စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ပြည်ထောင်စုနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်နိုင်ခြင်းသည် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်မှုကို ပြဆိုနေသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်ကြောင်း။

လှိုက်လှိုက်လှဲလှဲကြိုဆို

ယနေ့အချိန်အခါသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေချိန်ဖြစ်၍ နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး အမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသားညီအစ်ကိုများ စည်းစည်းလုံးလုံးနှင့် တာဝန်သိသိ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြမည်ဖြစ်ကြောင်း၊ အနာဂတ်မြန်မာနိုင်ငံတော် အစွန့်ရှည် တည်တံ့ခိုင်မြဲပြီး တိုင်းရင်းသားညီနောင်သွေးချင်းများ စည်းစည်းလုံးလုံးနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် နေနိုင်ရန် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပသည်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် လူဦးရေသန်း ၅၀ ကျော်ရှိရာ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်လျက်ရှိကြကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ကျေးလက်နေ ပြည်သူများ လူနေမှုဘဝကွာဟချက် ကျဉ်းနိုင်သမျှကျဉ်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသလုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့၍ ဖြစ်ထွန်းလာသည့် အသီးအပွင့်များကို မိမိတို့တိုင်းရင်းသား ညီအစ်ကိုများ စတင်ခံစားနေရပြီဖြစ်ကြောင်း၊ ဤသည်မှာ ပြည်ထောင်စုတစ်ခုလုံး ဟန်ချက်ညီညီ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရရှိသည့် အကျိုးရလဒ်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ကရင်ပြည်နယ် ဘားအံ မြို့နယ် အိန္ဒြစံပြကျေးရွာ၌ကျင်းပရာ အခမ်းအနားမှူး အဖြစ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်လှိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ခရိုင်အသင်း အလုပ်အမှုဆောင် ဒေါ်ပပဝင်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

မိမိတို့ တိုင်းရင်းသားညီအစ်ကိုများက ဘိုးဘွားများ စည်းစည်းလုံးလုံး နေထိုင်ခဲ့ပြီး ခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ခဲ့သော သမိုင်းအမွေကို ဆက်ခံပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်ခိုင်မာမာ တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းဆောင်ရွက်ရင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြား လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုကြောင်း ထောက်ခံချက်နှင့်စပ်လျဉ်း၍ ဘားအံခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးစောစိုးနိုင်လင်းက တင်ပြရာတွင် နှစ်စဉ်ဖေဖော်ဝါရီလ ၁၂ရက်တွင် ပြည်ထောင်စုနေ့ အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ဂုဏ်ပြုကျင်းပခဲ့ကြကြောင်း၊ အမျိုးသားရေး ဦးတည်ချက်များချမှတ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုလည်း အမျိုးသားရေးဦးတည်ချက်(၅)ရပ်ချမှတ်ပြီး ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံးက စောင့်ထိန်းကာကွယ်ရေးသည် အဓိကကျသည့် ဦးတည်ချက်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရန်၊ ပြည်ထောင်စုကြီးထာဝရ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးမည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ကာကွယ်တားဆီးရန်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန်ဆိုသော လုပ်ငန်းများသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွားများဖြစ်ကြသည့် ကချင်၊ကယား၊ကရင်၊ချင်း၊ဗမာ၊မွန်၊ရခိုင်၊ရှမ်းအပါအဝင် တိုင်းရင်းသားလူမျိုးများဖြင့် စုစည်းတည်ထောင်ထားသည့် နိုင်ငံတော်ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာဖော်ထုတ်ပြသခဲ့ကြသည့် ၁၉၄၇ခုနှစ် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ရက်ကို အစွဲပြုပြီး ပြည်ထောင်စုနေ့ဟု သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၅၈)နှစ် ပြည့်မြောက်တော့မည်ဖြစ်ကြောင်း။

သင်ခန်းစာယူ

တိုင်းရင်းသားလူမျိုးများ ချစ်ချစ်ကြည်ကြည်စည်းစည်းလုံးလုံးဖြင့် အမိနိုင်ငံကို အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်နေသည့် ယခုကဲ့သို့ အချိန်အခါတွင် ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး ကျင့်သုံးဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း၊ အတိတ်က မြန်မာ့သမိုင်းက ခါးသီးသည့် အတွေ့အကြုံများရခဲ့သကဲ့သို့ ယနေ့ကာလတွင် နိုင်ငံတကာဖြစ်ရပ်များ၌ ဆင်ခြင်သတိပြုစရာ သင်ခန်းစာယူစရာတွေ အများကြီးရှိကြောင်း။

ယနေ့နိုင်ငံတော်ကို အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝသည့် မျိုးချစ်အင်အားစုကြီးရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်မှုသည် အဓိကအကျဆုံးဖြစ်သည်ဟုမှတ်ယူပြီး နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံကနေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးမြင်တွေ့သည့်အတိုင်း ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ထွန်းပေါ်ပေါက်နေပြီး ဖြစ်သည့် အခြေခံကောင်းများကို အခြေပြုပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီးဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ကာ အရှိန်အဟုန်ဖြင့် နေ့မအား ညမနား ကြိုးပမ်းတည်ဆောက်ခဲ့ရာ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စု တစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီးဖြစ်ကြောင်း၊ ဆည်မြောင်းတာတမံများ၊ မြစ်ကူးတံတားကြီးများ၊ ကျောင်းသစ်ကြီးများ၊ တက္ကသိုလ်ကြီးများ၊ ဆေးရုံကြီးများ၊ ကားလမ်း၊ မီးရထားလမ်းများ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်နေရပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အတိတ်သမိုင်းနှင့် လက်ရှိနိုင်ငံတကာသင်ခန်းစာများကို ပြန်ပြောင်းသုံးသပ်ပြီး မြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်ကို လှမ်းမျှော်လိုက်လျှင် ပြည်ထောင်စုကြီး အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊အမျိုးသားရေးစိတ်ဓာတ် မြဲမြဲခိုင်မာရန် ပဓာနကျသည်မှာ ထင်ရှားကြောင်း၊ သို့သော် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ပြည်တွင်း၊ ပြည်ပ သွေးခွဲသပ်လျှိုမှုများ၊ စွက်ဖက်နှောင့်ယှက်မှုများနှင့် အန္တရာယ်ကို တိုင်းရင်းသားအားလုံးက မြဲမြဲမြံမြံ ပေါင်းစည်းလက်တွဲပြီး ကာကွယ်သွားရန်လည်း လိုကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်မှု၊ ရိုးသားဖြူစင်မှု၊ အပြန်အလှန်လေးစားနားလည်မှု၊ အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်အောင် ကြံ့ခိုင်သည့် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ထိန်းသိမ်းကာကွယ်

ဆက်လက်၍ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မာချိုက တင်ပြရာတွင် တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်များကို စတင်ယူစဉ်ကတည်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှ အရေးကြီးသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ပြီး နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်၊လူမှုရေး ဦးတည်ချက်လေးရပ်တို့ကိုလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ငြင်းပယ်မရ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူလူထုနှင့် လက်တွဲကြိုးပမ်းခဲ့ရာတွင် ယနေ့ဆိုလျှင် အောင်မြင်မှုအခြေခံကောင်းများရရှိဖြစ်ထွန်းနေပြီဆိုသည်ကို ဘယ်သူမှ ငြင်းပယ်လို့မရသည့် ပကတိအခြေအနေများပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် အဖြစ် တည်ဆောက်မည့်လုပ်ငန်းအစီအစဉ် အဆင့်(၇)ဆင့်ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အတွက် ပထမအဆင့်အဖြစ် ၁၉၉၆ခုနှစ်က ယာယီအားဖြင့် ခေတ္တဆိုင်းငံ့ထားသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပသော အခါနိုင်ငံရေးပါတီမှကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်အတတ်ပညာရှင် ကိုယ်စားလှယ်များ၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊အခြားဖိတ်ကြားသင့်သော ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြကြောင်း၊ ဒီအမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ပေါက်လာရေးအတွက် အခြေခံမူကြီးများကို တညီတညွတ်တည်းချမှတ်နိုင်ခဲ့ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး မကြာမီကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို လှိုက်လှိုက်လှဲလှဲကြိုဆို

စာမျက်နှာ ၆ မှ

ပြည်သူတစ်ရပ်လုံးကြိုဆို

နိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားပြည်သူများအတွက် အသက်တမျှအရေးကြီးပြီး နိုင်ငံတော်အတွက် ရေရှည်တည်တံ့မည့် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကို လာမည့် ဖေဖော်ဝါရီလ ၁၇ ရက်တွင် စတင်ပြီး အမျိုးသားရေး အနှစ်သာရ ပြည့်ဝစွာဖြင့် ဆက်လက်ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အခြေခံအကျဆုံးဖြစ်ပြီး မကြာမီဆက်လက်ကျင်းပတော့မည်ဖြစ်သည့်အမျိုးသားညီလာခံကြီးကို မိမိတို့အသင်းဝင်များ အပါအဝင် ပြည်သူလူထုကြီး တစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာလှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖာပွန်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်ဝင်းက တင်ပြရာတွင် မိမိတို့အသင်းသည် အသင်း၏ စည်းရုံးရေးလက်တွေ့လုပ်ငန်းစဉ်များအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ကြိုးပမ်းအားထုတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်နယ်၊တိုင်း၊မြို့ပြ၊ကျေးလက်တစ်နိုင်ငံလုံးအကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ အစီအမံများနှင့်စည်းရုံးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း၊ မိမိတို့ပြည်နယ်အတွင်း ဖြစ်ပေါ်ရရှိသောအကျိုးရလဒ်များမှာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မြို့နယ်အသီးသီး၌ရှိသည့် အခြေခံပညာမူလတန်းကျောင်း ဥပဓိရုပ်ကောင်းမွန်ရေးအတွက်ယနေ့အထိ ၁၅ကျောင်းပြုပြင်

နိုင်နိုင်မာမာရပ်တည်

ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် တောင်ကျစမ်းရေမှ ရေသွယ်ယူကာ ကျေးရွာအရောက်ဖြန့်ဝေပေးခြင်းကို သံတောင်မြို့နယ် ရွှေညောင်ပင်ကျေးရွာမှ ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ လှိုင်းဘွဲ၊ ကော့ကရိတ်မြို့နယ်များတွင် ရေတွင်းများဖော်ပြီး ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက်လည်း ယခင်စိုက်ပျိုးရေမရခဲ့သည့် ဒေသအချို့တွင် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် နွေရာသီတွင် စပါးစိုက်နိုင်သော အခြေအနေရရှိနေပြီးဖြစ်ကြောင်း၊ ဘားအံမြို့နယ် တရုတ်လုစံပြကျေးရွာ၊ ဘားကပ်စံပြကျေးရွာနှင့် ထုံးအိုင် စံပြကျေးရွာများတွင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဆောင်ရွက်ပေးနိုင်ခဲ့သည့် အတွက် နွေစပါး ပိုမိုစိုက်ပျိုးနိုင်ပြီး ဒေသဆန်ဖူလုံရေး အကျိုးကို ရရှိခံစားကြရကြောင်း၊ တစ်ဖက်ကလည်း စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးနိုင်ခဲ့သကဲ့သို့ မွေးမြူရေးလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လိုအပ်သည့် ပရိဘောဂများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း။

ကူညီပံ့ပိုးပေး

ကျေးလက်နေ ပြည်သူများ လူနေမှုအဆင့် တိုးတက်မြင့်မားလာရေးအတွက် အသင်းက ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းတစ်ခုမှာ ရေအားလျှပ်စစ်ဖြင့် မီးလင်းအောင်လုပ်ဆောင် ပေးခြင်းဖြစ်ကြောင်း၊ ရာသီမရွေး ရေရှိနိုင်သည့်ဘားအံ၊ သံတောင်၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်၊ မြဝတီမြို့နယ်များရှိ ကျေးလက်ဒေသများတွင် ရေအားလျှပ်စစ် ၂၅လုံးတပ်ဆင်ပေးနိုင်ခဲ့ပြီး ကျေးရွာများကို မီးလင်းအောင်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် လူနေမှုအဆင့် တိုးတက်ဖြစ်ပေါ်ခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် စုစုပေါင်းကျပ် ၆၇ သိန်း ကူညီပံ့ပိုးပေးနိုင်ခဲ့ကြောင်း။

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မာချိုက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောစိုးနိုင်လင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ဖာပွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မိရိုးဖလာမွေးမြူရေးမှ မွေးမြူရေးဇုန်ထူထောင်ပေးပြီး စနစ်တကျမွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်လာနိုင်သည့်အတွက် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားရေးဘဝကို ခိုင်ခိုင်မာမာရပ်တည်နိုင်မှု ဖြစ်ထွန်းလာခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်၏ စနစ်တကျ စောင့်ရှောက်ပေးမှု၊ မိမိတို့၏ စည်းရုံးမှုများကြောင့် ကျေးလက်ဒေသများသည် တစ်ဦးချင်းတစ်ရွာချင်း ကျန်းမာရေးအခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ အခြေခံပညာ မူလတန်းကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးကို တန်ဖိုးငွေ ၉၃သိန်း အကုန်အကျခံ၍ ဒုတိယအကြိမ် ခုနစ်ကျောင်း ပြုပြင်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ကျန်းမာရေးဆေးခန်းများ ပြုပြင်ရေး၊ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ရေးတို့ကို ကြိုးပမ်းပြီး စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ရေအားဖြင့်လျှပ်စစ်မီးရယူရေးကိုလည်း မြို့နယ်များက တင်ပြလာချက်အပေါ် လိုအပ်သည့် ကျေးရွာများကို ထပ်မံထောက်ပံ့ကူညီ ပေးသွားမည်ဖြစ်ကြောင်း။

ကျေးလက်တွင် နေထိုင်သည့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း အကျိုးကို ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးနိုင်သည်နှင့်အမျှ မြို့ပြနှင့် ကျေးလက်လူနေမှုဘဝ ကွာဟချက်များသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက တစိုက်မတ်မတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထောက်ခံခြင်းအဆိုများနှင့် စပ်လျဉ်း၍ တက်ရောက်လာသော ပြည်သူလူထု၏ သဘောတူညီကြောင်း တစ်ခဲနက် ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် မျိုးဆက်သစ်ကျောင်းသားကျောင်းသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက **‘ရာသက်ပန် ပြည်ထောင်စု’** သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူစံပြကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်သူများ ချီတက်လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတကာဖြစ်ရပ်များ

ဆင်ခြင်သတိပြုစရာ သင်ခန်းစာယူစရာ အများကြီးရှိ

- ၁၉၄၇ခုနှစ် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သောဖေဖော်ဝါရီလ ၁၂ ရက်ကို အစွဲပြုပြီး ပြည်ထောင်စုနေ့ဟု သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၅၈)နှစ်ပြည့်မြောက်တော့မည်၊
- တိုင်းရင်းသားလူမျိုးများ ချစ်ချစ်ကြည်ကြည် စည်းစည်းလုံးလုံးဖြင့် အမိနိုင်ငံကို အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်သည့် ခေတ်မီနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်နေသည့် ယခုကဲ့သို့ အချိန်အခါတွင် ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး ကျင့်သုံးဆောင်ရွက်ရန် အလွန်အရေးကြီး။
- အတိတ် မြန်မာ့သမိုင်းက ခါးသီးသည့်အတွေ့အကြုံများရခဲ့သကဲ့သို့ ယနေ့ကာလတွင် နိုင်ငံတကာဖြစ်ရပ်များ၌ ဆင်ခြင်သတိပြုစရာ၊ သင်ခန်းစာယူစရာတွေ အများကြီးရှိ။

အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်ရေး ပြည်သူလူထုကြီးအပါအဝင် တိုင်းရင်းသားအားလုံး ကျရာကဏ္ဍက ကြိုးပမ်း

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေး တိုင်း ညောင်ဦး ခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ်စံပြကျေးရွာ၌ကျင်းပရာ သဘာပတိ ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

အခမ်းအနားမစတင်မီ နံနက် ၇ နာရီမှစတင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများသည် စုရပ်အသီးသီး၌ နေရာယူကြပြီး မြန်မာ့ရိုးရာအတီး၊အမှုတ်၊ အက၊ အခုန်များဖြင့် ရွှင်လန်းတက်ကြွစွာချီတက်၍ အခမ်းအနားကျင်းပမည့် ကွင်းအတွင်းရှိ သတ်မှတ်နေရာ အသီးသီး၌ စနစ်တကျနေရာယူကြသည်။

ထို့နောက် အခမ်းအနားကို နံနက် ၇ နာရီ ၄၅ မိနစ်တွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်စုစု၊ မြို့နယ်အမျိုးသမီးရေးရာ ကော်မတီအဖွဲ့ဝင် ဒေါ်တင်တင်မြင့်၊မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် သန့်စင်ကြယ်စံပြကျေးရွာမှ ရပ်မိရပ်ဖ ဦးအောင်သိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လဲ့လဲ့ဆွေက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းဝေကလည်းကောင်း ဆောင်ရွက်ကြသည်။

ကြိုဆိုထောက်ခံ

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ မိမိတို့အားလုံး ဤနေရာ၌ စုဝေးရောက်ရှိခြင်းသည် ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကြီးကို အလေးအနက်ဂုဏ်ပြုရန်နှင့် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြရန်အတွက် ဖြစ်ကြောင်း။

၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်က ရှမ်းပြည်နယ် ပင်လုံမြို့၌ တိုင်းရင်းသားအားလုံးက တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ပြီး ဥမကွဲသိုက်မပျက် နေထိုင်ကြရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြကြောင်း။

ယင်းဆုံးဖြတ်ချက်ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်သည် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီး ဖြစ်လာခဲ့ကြောင်း။

စည်းလုံးမှုစွမ်းအား

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံ၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မိမိတို့အားလုံး သူ့ကျွန်ဘဝက လွတ်မြောက်လာခဲ့ရကြောင်း၊ ဖိနှိပ်အုပ်ချုပ်သွေးစုပ်ခြယ်လှယ်ခဲ့သည့် တိုင်းတစ်ပါးနယ်ချဲ့အောက်က လွတ်မြောက်လာရခြင်းသည် ပြည်ထောင်စုကြီးကို ဖြစ်ပေါ်စေခဲ့သည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့်ဖြစ်ကြောင်း။

ထို့ကြောင့်လည်း မိမိတို့နိုင်ငံ၌ ပြည်ထောင်စုနေ့အခမ်းအနားကို နှစ်စဉ်ဂုဏ်ယူကျင်းပခဲ့ကြကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် တလုံးတစည်းတည်းသော ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်ကြီးသုံးပါးကို ကိုင်စွဲပြီး နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိကြောင်း။

စွမ်းစွမ်းတမံထမ်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် နေ့မအားညမနား စွမ်းစွမ်းတမံ ထမ်းဆောင်နေကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတာတမံပေါင်း ၁၇၀ ကို တည်ဆောက်ပေးခဲ့ကြောင်း၊ ဤမျှများပြားလှသည့် ဆည်တမံများကို အချိန်တိုအတွင်း တည်ဆောက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင်လည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အချိန်တိုကာလအတွင်း များပြားစွာ တည်ဆောက်ပေးနိုင်ခြင်းမျိုးကို မည်သည့်ခေတ် မည်သည့်ကာလကမျှ မစွမ်းဆောင်နိုင်ခဲ့ကြောင်း။

စိုက်ပျိုးရေရရှိရေးအတွက်ကိုလည်း နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရာတွင် မြစ်ရေတင် စီမံကိန်းများ၏ အောင်မြင်မှု အသီးအပွင့်များကို မိမိတို့အားလုံး လက်ငင်းအကျိုးခံစားခွင့် ရရှိနေကြပြီဖြစ်ကြောင်း။

ပိုမိုရင့်သန်ခိုင်မာ

လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဖျား၊ အရှေ့မှအနောက် လမ်းများဖောက်လုပ်ခဲ့ကြောင်း၊ တံတားများ ဆောက်လုပ်ပေးခဲ့ကြောင်း၊ ဤအကျိုးရလဒ်များကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်နေရာနှင့် တစ်နေရာ အလွယ်တကူသွားလာနိုင်ပြီး ချစ်ခင်ရင်းနှီးမှုတိုးတက်ကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန့်ခိုင်မာလာစေကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌လည်း ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်ဒေသနှင့် မြို့ပေါ်ဆက်သွယ်သည့်လမ်းများသည် ကွန်ရက်ပမာ လက်ယှက်ထိုး ဆောင်ရွက်ထားသည့်အတွက် ရှေးယခင်ကနှင့်မတူ စီးပွားရေး၊ လူမှုရေး၊ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထားထားဝင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးအောင်ဇော်မင်းက ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

စက်မှုလက်မှုလုပ်ငန်းများအနေဖြင့် တစ်ချိန်က အသေးစားစက်ရုံငယ်လေးများသာရှိခဲ့ရာက ယခုအခါ စက်မှုဇုန်၁၉ ခု၌ စက်ရုံကြီးများ အများအပြား တည်ဆောက်နေသည်ကို မျက်ဝါးထင်ထင်မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံပေါင်း ၂၇၄၃၀ ရှိရာမှ ယခုဆိုလျှင် စက်ရုံပေါင်း ၅၁၉၈၀ အထိ ရှိနေပြီဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ပညာရေးကဏ္ဍအနေဖြင့် အဓိကအလေးထား ဆောင်ရွက်လာသည်ကို တွေ့ရကြောင်း၊ ၁၉၈၈ခုနှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ကျောင်းရှိခဲ့ရာက ယနေ့ကာလတွင် ၄၀၅၀၅ ကျောင်းအထိ တိုးတက်လာခဲ့ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင်ဆိုလျှင်လည်း ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၇ ခုသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၁၅၆ ခု ရှိလာခဲ့ပြီဖြစ်ကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ ၁၉၈၈ ခုနှစ်တွင် အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံများအပါအဝင် ဆေးရုံပေါင်း ၆၁၇ရုံသာရှိခဲ့ရာမှ ယနေ့အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံပေါင်း ၈၁၃ ရုံအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

အံ့မခန်းမြင်ရ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ယခင်အခါကနှင့်မတူ ယခုအချိန်အခါတွင်ကမ္ဘာ့အဆင့်အတန်းမီ ဟိုတယ်ကြီးများကို အံ့မခန်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဒေသပေါင်းစုံကို ကြည့်လျှင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီကာစဉ်ကာ တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းတည်ငြိမ်ပြီး အမြဲဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ထာဝရတည်တံ့စေရန် ယခုကဲ့သို့ အခြေခံကောင်းများ တည်ဆောက်ရင်းနှီး မြှုပ်နှံနေခြင်းသည် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရန်အတွက် ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးလမ်းစဉ်ဖြစ်သည့် အခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကြီးကို ပြီးခဲ့တဲ့ မေလက စတင်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ယခုအခါတွင်လည်း မိုးဥတုစိုက်ပျိုးရေးရာသီ ပြီးဆုံးကာ ပွင့်လင်းရာသီ ရောက်လာပြီဖြစ်၍ ဖေဖော်ဝါရီလ ၁၇ ရက်တွင် အမျိုးသားညီလာခံကြီး ပြန်လည်စတင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုကို ဂုဏ်ပြုသည့် ပြည်ထောင်စုနေ့ကြီးသည်လည်း ၁၂-၂-၂၀၀၅ရက်တွင် (၅၈)နှစ်တိုင်ပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခုတက်ရောက်လာကြသော ပြည်သူလူထုတစ်ရပ်လုံးက ပြည်ထောင်စုနေ့ကြီးကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကြီးအား လေးလေးနက်နက် ကြိုဆိုထောက်ခံကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြောင်းတင်ပြချက်ကို ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မွန်ဟန်က တင်ပြရာ၌ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နေထိုင်သွားကြရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဆုံးဖြတ်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်ကို ဂုဏ်ပြုပြီး ထိုနေ့ကို မိမိတို့နိုင်ငံ၏ ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြကြောင်း။

သမိုင်းဝင် စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် မိမိတို့သည် လွတ်လပ်ရေးရခဲ့ကြောင်း၊ သူ့ကျွန်ဘဝက လွတ်မြောက်ခဲ့ကြကြောင်း၊ အချုပ်အခြာအာဏာပြန်လည်ရရှိလာခဲ့ကြကြောင်း၊ လွတ်လပ်သောနိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့်ရရှိလာခဲ့ကြကြောင်း။

အားထုတ်ဂုဏ်ပြု

ထို့ကြောင့် ပြည်ထောင်စုနေ့ကြီးသည် ဂုဏ်ထူးဝိသေသပေါင်းများစွာနှင့် ပြည့်စုံနေကြောင်း၊ ပြည်ထောင်စုနေ့ကြီးကို နိုင်ငံတစ်ဝန်းလုံး၌နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့ကြကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုခဲ့ကြကြောင်း။

ယခုနှစ် ပြည်ထောင်စုနေ့ကို နိုင်ငံတော်အစိုးရက ဦးတည်ချက်(၅)ရပ်ဖြင့် ကျင်းပမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကချင်၊ကယား၊ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ရခိုင်၊ရှမ်းစသည့် ပြည်ထောင်စုသားများသည် နှစ်ပေါင်း ထောင်ချီပြီး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးနေထိုင်လာခဲ့ကြကြောင်း။

တိုးတက်မှုလမ်းကြောင်းမှန်ပေါ်ရောက်

ယနေ့ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ပြီး တစ်မျိုးသားလုံးနှင့် လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော်သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရက အေးချမ်းတည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အားဖြင့် စည်းလုံးညီညွတ်မှုကိုစတင်ကြိုးပမ်းခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှု ရယူပြီး လက်တွဲဖော်ဆောင်ခဲ့ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရာတွင် လုံခြုံရေးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများဖွံ့ဖြိုးရေးကို ပထမဆုံး စတင်ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသအားလုံး လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများ၌ငွေလုံးငွေရင်းများစွာ ပုံအောပြီးဖော်ဆောင်ခဲ့၍ ယနေ့တွင် အသီးအပွင့်များကို စတင်မြင်တွေ့နေရပြီဖြစ်ကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားများ ရှိရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ပုံအောဆောင်ရွက်ခြင်းကြောင့် တိုင်းရင်းသားအပေါင်း၏စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ပိုမိုရင့်သန်စေကြောင်း၊ တိုင်းရင်းသားအားလုံး၏ရင်ထဲအသည်းထဲတွင် တစည်းတလုံးတည်းသော ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရေးကို ဖြစ်ပေါ်စေကြောင်း။

တန်ဖိုးထားဂုဏ်ပြု

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားအောင်ဖန်တီးနေသည့် အဖျက်သမားများ၏အန္တရာယ်ကို စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တွန်းလှန်ဖယ်ရှားကြရမည်ဖြစ်ကြောင်း၊ ယခုနှစ် ပြည်ထောင်စုနေ့၏ ဦးတည်ချက်များသည် ပြည်ထောင်စုကြီးအစွန့်ရှည်ရေးအတွက် ကာကွယ်ရေးသန္နိဋ္ဌာန်ကိုဖြစ်ပေါ်စေကြောင်း၊ သမိုင်းအစဉ်အလာကြီးမားသည့် နေ့ထူးနေ့မြတ်ပြည်ထောင်စုနေ့ကို မိမိတို့လူထုအစည်းအဝေးကြီးက အလွန်တန်ဖိုးထား ဂုဏ်ပြုပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထားထားဝင်းက တင်ပြရာ၌ မိမိအနေဖြင့် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးကိုယ်စား ကြိုဆိုထောက်ခံ တင်ပြလိုကြောင်း။

ပြည်သူလူထုအပေါင်း သိကြသည့်အတိုင်း နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမဆုံးလမ်းစဉ်သည် နိုင်ငံတော်၏ အခြေခံ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားညီလာခံကြီး ကျင်းပရေးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့် မေလက စတင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးရေးကာလ၌လုပ်ငန်းများ ဆောင်ရွက်နိုင်အောင် ခေတ္တရပ်နားခဲ့ပြီး ယခု ပွင့်လင်းရာသီဖြစ်သည့် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်ကျင်းပရန် သက်ဆိုင်ရာက ကြေညာခဲ့ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်တွင် အမျိုးသားညီလာခံကျင်းပရေးသည် ပထမဆုံးလမ်းစဉ်ဖြစ်သကဲ့သို့ အရေးအကြီးဆုံးလမ်းစဉ်လည်း ဖြစ်ကြောင်း။

ဤညီလာခံကြီးသည် နိုင်ငံတော်တည်ဆောက်မည့် အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပေးသည့် ညီလာခံကြီးဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာ၌ အခြေခံဥပဒေသည် အရေးအကြီးဆုံးဖြစ်ကြောင်း။

ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် ပြည်သူလူထုကြီးအပါအဝင် နိုင်ငံသားအားလုံး ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ ခိုင်မာသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

လူထုကြီးအနေဖြင့် မိမိတို့ဒေသအတွင်း ဖြစ်ပေါ်တိုးတက်မှုများကို ပြန်လည်သုံးသပ်ရင်း ပုဂံ–ရန်ကုန် မီးရထားလမ်း၊ ပုဂံ–မန္တလေးမီးရထားလမ်း၊ ညောင်ဦး–မြင်းခြံ မော်တော်ကားလမ်း၊ ညောင်ဦး–ချောက် မော်တော်ကားလမ်းကျောက်ချောလမ်း၊ လောကနန္ဒာမြစ်ရေတင်စီမံကိန်းကဲ့သို့သော မြစ်ရေတင်စီမံကိန်းလေးခု၊ ငါ့သရောက်ရေလှောင်တမံစီမံကိန်း၊ ယွန်းပညာသိပ္ပံမှ ယွန်းပညာကောလိပ်အဆင့်ထိ တိုးမြှင့်ပေးခဲ့ခြင်း၊ မြို့နယ် ဆေးရုံအဆင့်မှ ခုတင် (၁၀၀)ဆေးရုံအဖြစ် တိုးမြှင့်ပေးခြင်း၊ ပုဂံလေဆိပ်ကို အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းအဆင့်ထိ တိုးမြှင့်ဆောက်လုပ်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်နေခြင်းသည်

တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီးအစွန့်ရှည်အောင်၊ ပြည်ထောင်စုကြီးကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာအောင် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးကို တန်ဖိုးထား လေးစားပြီး ကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ ညောင်ဦးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွန့်ဝင်းက တင်ပြရာတွင် နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ၌ ကျေးလက်နေပြည်သူ ၆၅ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ဤအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ချမှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှေးယခင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးကို စိတ်ကူးသာရှိခဲ့ကြောင်း၊ ယနေ့အချိန်အခါတွင် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း။

မိမိတို့ ညောင်ဦးခရိုင်အတွင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် တောပြားကျေးရွာနှင့် ငါ့သရောက် ဆက်သောလမ်း၊ ကုန်းတန်းကျေးရွာနှင့် ညောင်ဦး–ကျောက်ပန်းတောင်းဆက်သွယ်သည့် လမ်း၊ တောင်ဘကျေးရွာနှင့် ညောင်ဦး–ကျောက်ပန်းတောင်းဆက်သွယ်သည့်လမ်းများကို ပြည်သူလူထု

အခြေခံပညာမူလတန်းကျောင်းတို့ကို ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ငွေကျပ်ခြောက်သိန်း အကုန်အကျခံ ပြုပြင်ပေးခဲ့ကြောင်း။

ရန်ပုံငွေပေးအပ်

ယခု ယဉ်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဥပဓိရုပ်ကောင်းမွန်ရေးအတွက် ပြင်ဆင်စရိတ်ကျပ်ငါးသိန်းကိုလည်း ယနေ့ကျင်းပနေသည့် လူထုအစည်းအဝေးကြီးမှာပင် တစ်ပါတည်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်သွားမှာ ဖြစ်ကြောင်း တင်ပြလိုကြောင်း။

ကျေးလက်ဒေသ စီးပွားရေးမြှင့်တင်မှု လုပ်ငန်းအဖြစ် မိမိတို့မန္တလေးတိုင်းအတွင်း ကျေးလက်ဒေသမီးလင်းရေးအတွက် ဇီဝဓာတ်ငွေ့စက်ရုံများ တည်ဆောက်ပြီး ဆောင်ရွက်ရသည်မှာ ၃၁ရွာရှိနေပြီဖြစ်ကြောင်း၊မိမိတို့ ညောင်ဦးခရိုင် တောင်ဘကျေးရွာနှင့် ဆည်ကျေးရွာတို့၌ ကျပ်သိန်း၂၀အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သည့်အတွက် ယနေ့မီးလင်းနေကြပြီဖြစ်ကြောင်း။

အထက်ညဥ့်ကျေးရွာ၌ ဇီဝဓာတ်ငွေ့စက်ရုံ တည်ဆောက်နိုင်၍ ယခုကျင်းပသည့် လူထုအစည်းအဝေးကြီး၌ ငွေကျပ် ၁၀ သိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်မှာဖြစ်ကြောင်း၊ ဤသည်မှာ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် လက်တွေ့အကောင်အထည်ဖော် အားစိုက်ဆောင်ရွက်ခဲ့မှုများဖြစ်ကြောင်း။

အင်တိုက်အားတိုက်ပါဝင်

နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသပြည်သူများ လူနေမှုဘဝမြင့်မားစေရေး၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုနည်းပါးစေရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်နှင့်အညီ မိမိတို့ ညောင်ဦးခရိုင်အတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက်ပိုမို

ရှေးယခင်က ကျေးလက်ဒေသဖွံ့ဖြိုးရေး စိတ်ကူးသာရှိခဲ့ ယနေ့အချိန်တွင် လက်တွေ့အကောင်အထည်ဖော်ပေးနေပြီ

ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ရင်းနှီးမြှုပ်နှံခြင်း အခြေခံတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းမှုရှိလာကြောင်း၊ နယ်စပ်ဒေသများ၏ လုံခြုံရေးသည်လည်း ကောင်းမွန်လာကြောင်း၊ ကဏ္ဍအသီးသီး၊ ဒေသအသီးသီးသည် အလျင်အမြန်ဖွံ့ဖြိုးလာနေကြောင်း၊ နိုင်ငံသား တိုင်းရင်းသားအားလုံး တည်ဆောက်ရေးတွင် ပါဝင်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးလာနေကြောင်း၊ အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာနေကြောင်း၊ ယခုမိမိ တင်ပြခဲ့သည့်ရလဒ်များသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် အရင်းအနှီးများဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ပြီဖြစ်သည့်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာမည့် ရောင်ခြည်များ သန်းနေပြီဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားခြင်းဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်လုံး အောင်မြင်လာမှာဖြစ်ကြောင်း။

ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအဖြစ်ပေါ်ထွန်းသည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံး မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သည့်ကိစ္စမဆို အောင်မြင်မည်ဟု ယုံကြည်ကြောင်း။

အဖျက်သမားရန်တွန်းလှန်

မိမိတို့ သတိပြုရမည်မှာ အဖျက်အမှောင့် အန္တရာယ်ပင်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏ ညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို ယိုယွင်းပျက်ပြားအောင်လုပ်ဆောင်မှုများကို သတိရှိပြီး တွန်းလှန်ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း ညောင်ဦး ခရိုင် ညောင် ဦး မြို့ နယ် သန့်စင်ကြယ်စံပြကျေးရွာ၌ကျင်းပရာ သဘာပတိညောင်ဦး ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လှဲလှဲဆွေနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းဝေတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

ဆက်လက်ပြီးကျေးလက်နေပြည်သူများ ရေကောင်းရေသန့်ရရှိရေးကို ဦးတည် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤကဲ့သို့ တည်ဆောက်ရာတွင် မီးလောင်ဖျားကျေးရွာ၊ ဆင်သားမွေးကျေးရွာ၊ အောက်ညဥ့်ကျေးရွာ၊ ဘုရားလေးကုန်းကျေးရွာ၊ တောပြားကျေးရွာတို့၌ ငွေကျပ် ၂၂ဒသမ ၆သိန်း အကုန်အကျခံပြီး စက်ရေတွင်းများ တူးဖော်ပေးခဲ့ကြောင်း။

ဆက်လက်ပြီး ကျေးလက်ဒေသပညာရေးမြှင့်တင်မှုလုပ်ငန်းနှင့်ပတ်သက်၍ ပြာပုံကျေးရွာအခြေခံပညာ မူလတန်းကျောင်းနှင့်ကျွန်းဘိုကန်ကျေးရွာ

တိုးတက်အောင်မြင်လာအောင် နိုင်ငံတော်အစိုးရနှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြုပြင်ဆောင်ရွက်ခဲ့သော ကျွန်းဘိုကန်ကျေးရွာနှင့် ပြာပုံကျေးရွာမူလတန်းကျောင်း မှတ်တမ်းများကို မန္တလေးတိုင်း ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွန့်ဝင်းက ညောင်ဦးမြို့နယ် ပညာရေးမှူး ဦးတင်ချိုထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျေးလက်ဒေသရေရရှိရေး ဆောင်ရွက်ခဲ့သော မီးလောင်ပြား၊ သူကောင်းတည်၊ ဘုရားလေးကုန်း၊ ဆင်သားမွေးကျေးရွာများ စက်ရေတွင်း(တွင်းတိမ်)မှတ်တမ်းများကို ဆက်လက်ပေးအပ်ရာ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ ယဉ်စမ်းကျေးရွာ မူလတန်းကျောင်းပြုပြင်ရန်နှင့် အထက်ညဥ့်ကျေးရွာ ဇီဝဓာတ်ငွေ့လျှပ်စစ်မီးလင်းရေး ရန်ပုံငွေကျပ် ၁၅ သိန်းကို ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွန့်ဝင်းကပေးအပ်ရာ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဝင်းမောင်က လက်ခံရယူသည်။

ထို့နောက် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မင်းက ထောက်ခံတင်ပြရာ၌ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နေထိုင်သွားကြရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် ဂုဏ်ပြုပြီး ဦးအောင်မွန်ဟန်က တင်ပြခဲ့ကြောင်း။

ဤပြည်ထောင်စုနေ့ကို ဖော်ဆောင်ခဲ့သည့် သမိုင်းဝင်စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် မိမိတို့ လွတ်လပ်ရေးရခဲ့ကြောင်း၊ သူ့ကျွန်ဘဝကလည်း လွတ်မြောက်ခဲ့ကြောင်း၊ အချုပ်အခြာအာဏာလည်း ရခဲ့ကြောင်း၊ လွတ်လပ်သောနိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့်ရလာသည်ကို အားလုံးအသိဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးဝိသေသများနှင့်ပြည့်စုံသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းသည် မိမိတို့ လူထုအစည်းအဝေးကြီးအတွက် အလွန်တန်ဖိုးထား ဂုဏ်ပြုထိုက်ပါကြောင်း ဦးစွာထောက်ခံ တင်ပြအပ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် ဒေါ်ထားထားဝင်း တင်ပြခဲ့သည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပေးမည့် ညီလာခံကြီးဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ အခြေခံဥပဒေသည် အရေးကြီးကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဦးဆုံးလမ်းစဉ်သည် နိုင်ငံတော် အခြေခံဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ကျင်းပသည့် အမျိုးသားညီလာခံကြီးဖြစ်ကြောင်း။

ဤအမျိုးသားညီလာခံကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် ပြည်သူလူထုကြီးတစ်ရပ်လုံးအပါအဝင် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ လွှမ်းခြုံပြီး ၂၀၀၃ ခုနှစ်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လူထုအစည်းအဝေးကြီး ကျင်းပပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ကြေညာချက်ကို တစ်ခဲနက် ထောက်ခံပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဒေါ်ထားထားဝင်း တင်ပြခဲ့သည့် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကြိုဆိုထောက်ခံပါကြောင်း အလေးအနက် တင်ပြအပ်ပါကြောင်း။

အားရကျေနပ်

တစ်ဆက်တည်းမှာပင် ဦးညွန့်ဝင်း တင်ပြခဲ့သည့် မိမိတို့နယ်မြေအတွက် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရွက်ပေးမှုရလဒ်များအဖြစ် ကျောင်းများ၊ ရေတွင်းများ၊ တံတားများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာဒေသမီးလင်းရေးပါမကျန် လက်တွေ့မျက်တွေ့ ပေးအပ်ဆောင်ရွက်ခဲ့မှုများကို တွေ့ရသည့်အတွက် အလွန်ပင် အားရကျေနပ် ဝမ်းသာပီတိ ဖြစ်ရပါကြောင်း။

ထို့ကြောင့် ကိုယ်စားလှယ်သုံးဦး တင်ပြသွားသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူကြသည့်အတွက်

- **ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက အလေးအနက် ဂုဏ်ပြုကြောင်း၊**
- **ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းကြောင်း၊**
- **အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်း၊**
- **ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကြိုဆိုထောက်ခံကြောင်း ဤပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း** ကြေညာသည်။

ထို့နောက်အခမ်းအနားကို တက်ရောက်လာကြသော ပြည်သူလူထုကြီးက "ပြည်ထောင်စုမပြိုကွဲရေး" ဒို့အရေး၊ "တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး" ဒို့အရေး၊ "အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဒို့အရေးဖြင့် တစ်ခဲနက် ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၈ နာရီမိနစ် ၄၀ တွင် အောင်မြင်စွာကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကြီးကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စားကြိုဆို

- ❒ **အမျိုးသားညီလာခံကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးတစ်ရပ်လုံး အပါအဝင် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်၊**
- ❒ **တိုင်းရင်းသားအားလုံး၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ လွှမ်းခြုံပြီး ၂၀၀၃ ခုနှစ်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လူထုအစည်းအဝေးကြီး ကျင်းပပြီး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကြေညာချက်ကို တစ်ခဲနက်ထောက်ခံပြီးဖြစ်၊**
- ❒ **ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကြိုဆိုထောက်ခံ။**

ရေအောက်ခြမ်း ရွှေရောင်လွှမ်းတော့မည်

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားအများစု အသက်မွေးဝမ်းကျောင်းပြုသည့် စိုက်ပျိုးရေးလုပ်ငန်းများ အကျိုးရှိထိရောက်စွာ လုပ်ကိုင်နိုင်စေရန်အတွက် စိုက်ပျိုးရေလိုအပ်နေသည့် နေရာဒေသများကို စဉ်ဆက်မပြတ် စူးစမ်းလေ့လာပြီး ရေလှောင်တမံစီမံကိန်းများကို နိုင်ငံတော်တစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

မကွေးတိုင်း မင်းလှမြို့နယ်တွင် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ဖော်ဆောင်ပေးမှုကြောင့် ၁၉၉၉–၂၀၀၀ ခုနှစ်များတွင် ကန်တုတ်၊ ဒီးတုတ်ကန်၊ ကျောက်ပုံ၊ စစ်သူငယ်၊ ကွေ့ကျော၊ ကန့်ကျော့၊ ခါးဇတ်၊ သံပုရာကန်၊ ပန်းတော်ပြင်၊ မဲဇလီတောနှင့် အခြားကျေးရွာပေါင်းများစွာ၌ သန့်ရှင်း သော သောက်သုံးရေများ ရရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်က ဆောင်ရွက်ပေးမှုကြောင့် ၁၉၈၈ခုနှစ်နောက်ပိုင်း၌ တစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံပေါင်း ၁၇၀ တည်ဆောက်နိုင်ခဲ့ပြီး မြစ်ရေတင်စီမံကိန်းပေါင်း ၂၇၁ ခုဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သည့်အပြင် တည်ဆောက်ဆဲစီမံကိန်း ၃၀တို့နှင့် ရေအားလျှပ်စစ်စက်ရုံပေါင်း ၃၀ တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်ကာလအတွက်ပါ အကျိုးရလဒ်ကောင်းများ ပေါ်ထွက်နေပြီဖြစ်သည်။

ယင်းစီမံကိန်းများကြောင့် လယ်ယာမြေဧက သန်းနှင့်ချီ၍ စိုက်ပျိုးရေးပုံစံပြောင်းလဲသွားခဲ့ပြီး တစ်သီးစားမှ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်မှု အခွင့်အလမ်းများ ရရှိခဲ့သည်။ ထိုမှတစ်ဆင့် တိုးတက်ထွက်ရှိလာသည့် သီးနှံရိတ်သိမ်းရေး၊ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိတ်ခွဲရေး၊ ဖြန့်ဖြူးရေး ဖြစ်စဉ်များ ကျယ်ဝန်းများပြားလာပြီး အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့် ဒေသခံပြည်သူတို့၏ စီးပွားရေးဘဝကို မြှင့်တင်နိုင်သည့် အခြေအနေသစ်များကို ဖန်တီးဖော်ဆောင်နိုင်ခဲ့ပြီး ဖြစ်သည်။

လက်ရှိဖြစ်ထွန်းနေသည့် အခြေအနေကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက် ဖြစ်ပေါ်တိုးတက်နေစေရန်အတွက် နိုင်ငံတော်က စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း၊ ပခုက္ကူခရိုင်အတွင်း ဒေသဆန်ဖူလုံရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေရရှိရေးအတွက် ၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၁ ရက်က မြိုင်မြို့နယ်အတွင်းရှိ သစ်ကြီးတော ကျေးရွာအနီးတွင် သစ်ကြီးတောရေလှောင်တမံနှင့် ဒေါင်းအိုကျေးရွာအနီးတွင် သီရိနန္ဒာ ရေလှောင်တမံတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အပြင် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် နတ်မောက်ကျေးရွာအနီး၌ ပဒဲရေလှောင်တမံကို ယခုဇန်နဝါရီလ ၂၄ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းရေလှောင်တမံသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ၁၇၀မြောက် ရေလှောင်တမံဖြစ်ပြီး ငွေကျပ်သန်းပေါင်း ၁၈၂၂သန်း ရင်းနှီးသုံးစွဲ၍ တည်ဆောက်ခဲ့ကြောင်းသိရသည်။ မကွေးတိုင်း အတွင်းတွင် ၃၄ခုမြောက် ရေလှောင်တမံဖြစ်သည်။

ယခု ပဒဲရေလှောင်တမံတည်ဆောက်ပြီးစီးသွားခြင်းကြောင့် မူရင်းသီးနှံ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်းဧက ၆၄၀၀ အပြင် သီးထပ်အဖြစ် နွေစပါး၊ ကုလားပဲတို့ကို ဧက၆၄၀၀ထပ်မံ တိုးတက်စိုက်ပျိုးလာနိုင်ပြီဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် တစ်နှစ် နှစ်သီးနှင့် သီးနှံစိုက်စွမ်းအားကို ၂၀၀ ရာခိုင်နှုန်းအထိ အကျိုးခံစားရတော့မည်ဖြစ်ကြောင်း သိရသည်။

မုန်းချောင်းသည် ချင်းပြည်နယ်တောင်တန်းများမှ စတင်စီးဆင်းခဲ့ပြီး ပွင့်ဖြူမြို့နယ်အတွင်းမှ ဖြတ်သန်း၍ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည့် ၁၉၆ မိုင်ခန့်အရှည်ရှိသော ချောင်းအကြီးစားဖြစ်သည်။

စာရေးသူတို့သည် မုန်းချောင်းနံဘေးမှ ဘူးသည်ရွာတွင် ငါးစာကျွေး၍ မြတ်စွာဘုရား ဒေသစာရီ ကြွမြန်းတော်မူရာ လယ်ကိုင်းကျောင်းတော်ရာ စေတီဦးကို ဖူးမြော်ခဲ့သည်။ ရေအောက်ခြမ်း ဤဒေသသည် ပျော်ရွှင်ချမ်းမြေ့ကြည်နူးဖွယ် ရေဝေကုန်းတန်း ဆည်မြောင်းကန်ချောင်းများဖြင့် သာယာတင့်မောဖွယ် ရှိနေသည်။

စာရေးသူတို့အဖွဲ့သည် ပခုက္ကူမှ စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံဖွင့်ပွဲသို့ ရောက်ရှိသွားကြသည်။ မကွေးတိုင်းအနောက်ခြမ်း၌ မုန်းချောင်း၊ စလင်းချောင်း၊ မန်းချောင်း၊ ယောချောင်း စသည့်ချောင်းများသည် ဧရာဝတီမြစ်အတွင်း တိုက်ရိုက်စီးဝင်သည့် ရေစီးအားကောင်းသော ချောင်းကြီးများဖြစ်သည်။ ယခင်က ဤချောင်းကြီးများ အတားအဆီးကြောင့် မင်းဘူး၊ စကု၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာ၊ ဆိပ်ဖြူ၊ ပခုက္ကူ စသည့် ဒေသများသည် ဒေသအတွင်း အပြန်အလှန်ဆက်သွယ်သွားလာရန် ခက်ခဲသကဲ့သို့ ဧရာဝတီမြစ်ကို ဖြတ်ပြီး အရှေ့ဘက်ကမ်းသို့ ကူးသန်းသွားလာရန် မလွယ်ကူခဲ့သည်ကို ဒေသခံပြည်သူများ အနေဖြင့် ကိုယ်တိုင်ခံစားသိရှိကြပြီးဖြစ်သည်။ ချောင်းရေကြီး၍ ကူးသန်းသွားလာမှုမရသည့် အခက်အခဲများ၊ တစ်ခါတစ်ရံ ချောင်းရေကြီးမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရသည်များသည် ဤနယ်မြေဒေသအတွက် မမေ့နိုင်လောက်သည့် ယခင်ကဖြစ်ရပ်များပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မကွေးတိုင်းအနောက်ဘက်ခြမ်းဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့ကျသည့်ဖွံ့ဖြိုးရေးအစီအမံများချမှတ်ပေးပြီး အခြေခံလိုအပ်ချက်များကို တစ်ခုပြီးတစ်ခု ပြန်လည်တည်ဆောက် အကောင်အထည်ဖော်စေခဲ့သည်။

ဒေသအတွင်း ရာသီမရွေးသွားလာနိုင်အောင် ချောင်းကူးတံတားများဖြစ်သည့် ယောချောင်းတံတား၊ မန်းချောင်းတံတား၊ နွယ်တမယ်(စလင်း)တံတား၊ မုန်းချောင်းတံတားများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးသကဲ့သို့ ဧရာဝတီမြစ်ကူးတံတားကြီးများဖြစ်သည့် အနော်ရထာတံတားနှင့် မကွေးတံတားတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်သည့်အတွက် ဧရာဝတီအနောက်ဘက်ကမ်းနှင့်

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

အရှေ့ဘက်ကမ်းဒေသများသည် ရေခြားမြေခြားမနေတော့ဘဲ တစ်ဆက်တစ်စပ်တည်းဖြစ်လာနေသည်မှာ ယနေ့ပြည်သူများ ခံစားနေရသည့် လက်တွေ့ဘဝပင်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မုန်းချောင်းရေလှောင်တမံဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားရာတွင်–

“မကွေးတိုင်း ပြည်သူများအပိုင်းကလည်း နိုင်ငံတော်၏မွန်မြတ်သည့် စေတနာနှင့် မြင့်မားသည့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်အပေါ်မိမိတို့၏ လုပ်အား၊ စွမ်းအား၊ ဝီရိယအား၊ စေတနာအားတို့ဖြင့် ပေါင်းစပ်တုံ့ပြန်ရန် အမှန်တကယ် အလုပ်လုပ်ပြီးတုံ့ပြန်ရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့အထိ နိုင်ငံတော်၌ ရရှိသည့် တိုးတက်အောင်မြင်မှုအသီး အပွင့်များ သည် နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင် နိုင်ခဲ့၍ပင် ဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း ဤကဲ့သို့ ဦးထမ်းပဲ့ထမ်း တက်ညီလက်ညီ ဟန်ချက်ညီညီလုပ်ကိုင်ဆောင်ရွက်သွားရမည့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များသည်လည်း များစွာရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက်ချမှတ်ထားသည့်နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းရင်းသားပြည်သူအားလုံး၏ နိုးကြားသော ပူးပေါင်းမှုစွမ်းအားများနှင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် သွားကြရမည်ဖြစ်ကြောင်း”

နိုင်ငံတော်ဝန်ကြီးချုပ်က လေးလေးနက်နက် မှာကြားသွားသည်။

၁၉၉၈ခုနှစ်တွင် မန်းချောင်းရေလှောင်တမံ၊ ၂၀၀၁ခုနှစ်တွင် စလင်းရေလှောင်တမံတို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယောချောင်း၌လည်း ဒေသမြေပြင်အနေအထားအရ ရေလွှဲဆည်အဆင့်ဆင့် တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

မုန်းချောင်းကို ထိန်းချုပ်ပြီး ပြည်သူများ၏ အကျိုးစီးပွားအတွက် ဘက်စုံအသုံးချနိုင်အောင် မုန်းချောင်းဘက်စုံရေလှောင်တမံကြီးကို အချိန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် မုန်းချောင်းမှရေကို တိုးချဲ့သိုလှောင်ထိန်းသိမ်းပြီး မဲဇလီရေလွှဲဆည်၏ ရေသောက်စနစ်အတိုင်း စိုက်ပျိုးရေကို ရာသီမရွေးတိုးချဲ့စတင်ပေးဝေနိုင်ပြီဖြစ်သည်။ စိုက်ပျိုးမြေဧရိယာ ဧကတစ်သိန်းကျော်သည်စိုက်ပျိုးရေ

မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

အပြည့်အဝရရှိတော့မည်ဖြစ်သည်။ ရှေးယခင်က မဲဇလီရေလွှဲဆည်အနေဖြင့် မုန်းချောင်းရေကို အလိုက်သင့်သာ ထိန်းချုပ်ထားနိုင်သည့်အတွက် မြောက်မုန်းနှင့် တောင်မုန်းမြောင်းတို့မှတစ်ဆင့် အလှည့်ကျရေပေးဝေနိုင်ခဲ့သည်။ ယခုအခါ ဤဆည်တမံကြီးများ၏ အကျိုးပြုမှုကို လက်တွေ့အသုံးချမှုဖြင့် လူနေမှုအဆင့်အတန်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပြီး လျှပ်စစ်သုံးစွဲမှုပမာဏသည် တိုးတက်မြင့်မားလာမည်ဖြစ်သည်။ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်ဟု တွက်ချက်ရရှိနေသည်။ ရန်ကုန်မြို့တော်တစ်ခုတည်း၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ကြည့်မည်ဆိုလျှင် လွန်ခဲ့သည့် ၁၅နှစ်ခန့်အတွင်း မဂ္ဂါဝပ် ၁၃၀ခန့်သုံးစွဲရာမှ မဂ္ဂါဝပ်၄၅၀ခန့်အထိ တိုးတက်မြင့်မားလာသည်ကို တွေ့ရှိနေရသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လက်ရှိငါးနှစ်စီမံကိန်းကာလအတွင်းမှာပင် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၀၀၀ထပ်မံတိုးချဲ့ထုထောင်သွားရန် လမ်းညွှန်ထားပြီး ဖြစ်သည်နှင့်အညီ တစ်ဆက်တည်းအကောင်အထည်ဖော်လျက်ရှိသည်။

တစ်နိုင်ငံလုံးရှိ မြစ်များ၊ ချောင်းများ၏ နှစ်စဉ်ရေစီးဆင်းမှုပမာဏသည် ဧကပေ ၈၇၆သန်းကျော်ရှိသည့်အနက် ကျွမ်းကျင်သူများ၏ လေ့လာတိုင်းတာမှုအရ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သော ရေအရင်းအမြစ်နေရာပေါင်း ၂၆၈ခု၊ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀၀၀ နီးပါးခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယခု မုန်းချောင်းဘက်စုံစီမံကိန်းသည် နိုင်ငံတော်တစ်ရပ်လုံးနှင့် အကျုံးဝင်သည့် မဟာဓာတ်အားလိုင်းစနစ် စီမံကိန်းဝင်လုပ်ငန်းတစ်ခုဖြစ်သည်။ ဒေသအတွက်ရော နိုင်ငံအတွက်ပါ အကျိုးပြုသည့် တိုင်းကျိုးပြည်ပြု စီမံကိန်းကြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ စိုက်ပျိုးမြေဧက တစ်သိန်းကျော်ကို ရေပေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည်။ ဒေသကို ချောင်းရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ်နိုင်စွမ်းရှိသည်။ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအကျိုးသက်ရောက်မှုများကို သားစဉ်မြေးဆက်အထိ ရေရှည်ခံစားသွားရမည်ဖြစ်သည်။

မုန်းချောင်းရေစီးအားကို ပိုမိုထိရောက်စွာ တိုးချဲ့အသုံးပြုနိုင်ရန်အတွက် လေ့လာတိုင်းတာမှုများအရ မုန်းချောင်းအထက်ပိုင်း၌ ဗူးရွာရေအားလျှပ်စစ်စီမံကိန်းနှင့် မုန်းချောင်းအောက်ပိုင်း၌ ကြီးအုံ–ကြီးဝ စီမံကိန်းအသစ်နှစ်ခု ဖော်ထုတ်ရရှိသည့်အတွက် ဤစီမံကိန်းများကို ယခုစတင်အကောင် အထည်ဖော်နေပြီ ဖြစ်သည်။

ထို့ကြောင့် မုန်းချောင်းတစ်လျှောက်၌ မကြာမီကာလအတွင်း မုန်းအပြင်ကြီးအုံ–ကြီးဝနှင့် ဗူးရွာစီမံကိန်းနှစ်ခုက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ခန့်ကိုတိုးချဲ့ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်သည်။ ခြုံလိုက်လျှင် မုန်းချောင်းတစ်လျှောက်၌ ရေလှောင် တမံအဆင့်ဆင့်နှင့် ရေအားလျှပ်စစ်စက်ရုံတို့ဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို လုံလောက်စွာပေးနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ နီးပါးခန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်နေပြီဖြစ်ရာ **ရေအောက်ခြမ်း ရွှေရောင်လွှမ်းတော့မည်**ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပဒဲရေလှောင်တမံ

မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ပဒဲချောင်းပေါ်တွင် တည်ဆောက်ထားသော ပဒဲရေလှောင်တမံကို တွေ့ရစဉ်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၁၄ ပြည်တော်အေးရိပ်သာ ကမ္ဘာအေးဘုရားလမ်းနေ ဦးဝင်းမြင့်-ဒေါ်ခင်သန်းလှ၊ သားကျော်မျိုးဝင်း၊ နေမျိုးဝင်း၊ ဇေမီလင်း၊ သမီးသင်းနွယ်အေး၊ မြေး လင်းလဲ့ဝင်း မိသားစုက ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား သင်တန်းသူများအား ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်မှု တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)လေးနှစ်သင်တန်း အမှတ်စဉ် (၃၆) သင်တန်းသား သင်တန်းသူများအား ယနေ့ည ၆ နာရီခွဲတွင် အဆိုပါ သင်တန်းသား သင်တန်းသူများတည်းခိုရာ ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ် (၃၆) သင်တန်းသား သင်တန်းသူများ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တက်ရောက်ကြည့်ရှု

အဆိုပါ ဖျော်ဖြေပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်တာဝန်ရှိသူများ၊ လုပ်ငန်းအဖွဲ့ခွဲရှိ အဖွဲ့ငယ်များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ဇော်မင်းသိန်းနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုချီးမြှင့်

ထို့နောက် လေ့လာရေးခရီးစဉ်မှ သင်တန်းသူများဖြစ်ကြသည့် ရခိုင်တိုင်းရင်းသူ မချမ်းမြန္ဒာနှင့် ပအိုဝ်းတိုင်းရင်းသူ မနန်းစုစုလတ် တို့က ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့အား အမှတ်တရအလံပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လေ့လာရေးခရီးစဉ်မှ သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေကျပ် ၂၅၄၀၀၀ နှင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့အား ဂုဏ်ပြု ချီးမြှင့်ငွေကျပ်တစ်သိန်းကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါး ထိန်းသိမ်းမည့် တိုင်းရင်းသားလူငယ်များ မွေးထုတ် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

အစည်းအဝေးတွင် ဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးများ၏ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းမည့် တိုင်းရင်းသားလူငယ်များကို မွေးထုတ်ရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးရေး၊ လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

ဒုလ္လဘအပါး ၃၅၀ ရဟန်းခံပွဲနှင့် ၁၀ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရအရှင်သူမြတ်၏ (၁၃)ကြိမ်မြောက် အဓိဋ္ဌာန် ဒုလ္လဘအပါး၃၅၀ ရဟန်းခံအလှူတော်မင်္ဂလာကို ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ မွန်းလွဲ ၂ နာရီတွင် ပင့်သံဃာအပါအဝင် သံဃာအပါး ၄၀၀ တို့အား သိမ်ဆင်းလောင်းလှူမည် ဖြစ်သည်။

ယင်းဒုလ္လဘရဟန်းတော်များနှင့် လူပုဂ္ဂိုလ်ယောဂီ ၇၀၀ ကျော်တို့အား မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းဆရာတော်ကိုယ်တိုင် ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် လုပ်ငန်းစဉ်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အိုင်သပြုအထကသို့ အလှူငွေနှင့် စာအုပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၇

လေးမျက်နှာမြို့နယ် အိုင်သပြု အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ အလှူငွေနှင့် စာအုပ်စာပေများလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး အလှူရှင် ကိုလှဝင်းက အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဗိုလ်ကြီးတင်ဝင်း (ငြိမ်း)က စာအုပ်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှသိန်းက လက်ခံရယူပြီး **(ဝဲပုံ)** ဘဏ္ဍာရေးမှူး ဒေါက်တာစိုးလွင်က ကျေးဇူးတင်စကားပြောကြားသည်။

(က-ပ)

ဇန်နဝါရီ ၂၇ ရက်က စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် Myanmar National Counter Strike Championship-2005 ပြိုင်ပွဲ ပညာရှင်အဆင့် ပထမရရှိသည့် Alternative အဖွဲ့အား MICT DC ဥက္ကဋ္ဌ ဦးသိန်းဦးက ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လမ်းမတော်မြို့နယ် အမက(၄)တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင် ပြန်/ဆက် ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်နွဲ့နွဲ့ရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

အရှေ့တောင်အာရှဘော်လီဘော မြန်မာလူငယ် မလေးရှားကိုနိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

မလေးရှားနိုင်ငံတွင် ကျင်းပသည့် အသက်(၂၀)နှစ်အောက် အရှေ့တောင်အာရှလူငယ် ဘော်လီဘောပြိုင်ပွဲ တတိယနေ့ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ မြန်မာလက်ရွေးစင်လူငယ်ဘော်လီဘောအသင်းက အိမ်ရှင်မလေးရှားလက်ရွေးစင် လူငယ်ဘော်လီဘောအသင်းကို ၂၅-၂၃၊ ၂၅-၂၁၊ ၂၅-၂၁မှတ်ဖြင့် သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကြောင်းသိရသည်။**(အား/ကာ)**

ပရိယတ္တိစာသင်တိုက် မုခ်ဦးဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းလှိုင်မြို့နယ်(၁၃)ရပ်ကွက် ပန်းခြံကျောင်းလမ်းရှိ ဇေယျာသီရိပန်းခြံ ပရိယတ္တိစာသင်တိုက်ကြီး၏ မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အမှတ် ၄၃၊ ၈၈ လမ်း ကန်တော်ကလေးနေ အလှူရှင် ဒေါ်ခင်သိန်း ကိုယ်စား ဦးသိန်းရွှေနှင့် အလှူရှင်မိသားစု၊ ဆရာတော်ကြီးများ၊ (၁၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါမုခ်ဦးကို ငွေကျပ် ၁၇ သိန်းကျော် အကုန်ကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်ချုပ်လှထွန်း အကောက်ခွန်နေ့ အခမ်းအနားတက်ရောက် နိုင်ငံတော်က ယုံကြည်အားထားရသော ဝန်ထမ်းကောင်းများဖြစ်ရန် မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အကောက်ခွန်နေ့အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ဝဲပုံ)

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယုံကြည်အားထား

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် အကောက်ခွန်ဦးစီးဌာနသည် အခွန်ဘဏ္ဍာငွေ စည်းကြပ်ကောက်ခံခြင်း၊ တရားမဝင် တင်သွင်း၊ တင်ပို့မှုများကို ကာကွယ်တားဆီးခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေရသော အဖွဲ့အစည်းဖြစ်သဖြင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရန်နှင့် နိုင်ငံတကာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရှင်းလင်းလွယ်ကူသည့် လုပ်ထုံးလုပ်နည်းစနစ်များ ပီပြင်စွာဖြစ်ပေါ်လာရေး ရည်မှန်းချက်ကို အလေးအနက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်သိက္ခာစောင့်ထိန်းမှုနှင့် စည်းကမ်းလိုက်နာမှုတို့တွင် အမြင့်မားဆုံးဖြစ်သော နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံတော်မှ ယုံကြည်အားထားရသော ဝန်ထမ်းကောင်းများဖြစ်စေရန် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဝန်ထမ်း ကျင့်ဝတ်ဆိုင်ရာ စာမေးပွဲ၌ ဆုရဝန်ထမ်းများအား ဝန်ကြီး ဗိုလ်ချုပ်လှထွန်းကလည်းကောင်း၊ အားကစားဆိုင်ရာ ဂုဏ်ပြုချီးမြှင့် မှတ်တမ်းတင်ခြင်းခံရသော ဝန်ထမ်းများအား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကလည်းကောင်း၊ ဌာနခွဲအလိုက် လုပ်ငန်းအကောင်းဆုံးဆောင်ရွက်သော ဝန်ထမ်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရ ဝန်ထမ်းများ၊ ဌာနတွင်း သင်တန်းများတွင် ထူးချွန်ဆုရ ဝန်ထမ်းများ၊ (၁၀)ကြိမ်နှင့်အထက် သွေးလှူရှင်ဝန်ထမ်းများနှင့် အကောက်ခွန်နေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းက လည်းကောင်း၊ ဝန်ထမ်းသားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူများ၊ ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်အတွင်း အထက်တန်းပညာသင်ဆု ချီးမြှင့်ခံရသူများအား အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သီဟသူရ ဦးသိန်းထွန်းတင်ကလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ပြအင်ဂျင်နီယာ ကျောင်းသူကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၇-၇၃) ပညာသင်နှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများက ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၅ နာရီတွင် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင်လည်းကောင်း၊ ညနေ ၆ နာရီတွင် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်း မြို့တော် စည်ပင်သာယာဂေါက်ကွင်း မြကန်သာဂေါက်ကွင်း စားသောက်ဆိုင်တွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အရုဏ်ဆွမ်းအလှူတော်၊ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ အပူဇော်ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများ၊ အခမ်းအနားသို့ လာရောက်ရန် ကြို/ပို့ယာဉ် လိုအပ်သူများသည် ဦးကျော်လင်း ဖုန်း-၀၉-၅၀-၁၀၃၈၅၊ ဦးကိုကိုကြီး ဖုန်း-၀၉-၅၀-၁၀၃၈၆ နှင့် ဦးအောင်ခင်မြင့် ဖုန်း-၂၉၂၄၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရခိုင်သဟာယအသင်း လေ့လာရေးခရီး

ရန်ကုန် ဇန်နဝါရီ ၂၇

အသင်းဝင်များနှင့် မိတ်သင်္ဂဟများ မိတ်ဆုံအပန်းဖြေလေ့လာရေးခရီးကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် နှစ်ထပ်သဘော်ကြီးဖြင့် ကျိုက်လတ်မြို့သို့ နံနက် ၆ နာရီတွင် မော်တင်လမ်း ဖောတံတားမှ နေ့ချင်းပြန်ခရီးထွက်မည် ဖြစ်သည်။ လိုက်ပါလိုသူများသည် နီးစပ်ရာ အသင်းအမှုဆောင်များထံ၌လည်းကောင်း၊ သဘော်ပေါ်တွင်လည်းကောင်း လက်မှတ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

တစ်ခါက ရောဝတီညများ ဇာတ်ကားသစ်ရုံတင် အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုးဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၇

ဂျူး၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမီးပွား ရိုက်ကူးသည့် တစ်ခါက ရောဝတီညများဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ယနေ့ ရုံဝင်လာသည်။

တစ်ခါက ရောဝတီညများ

ရေနံမြေအလုပ်သမားကြီး၏ သမီး မငွေအိမ်နှင့် ရေနံတွင်းပိုင်ရှင်၏ သားကိုမင်းခေါင်တို့ မေတ္တာမျှမိရာက အိမ်စိုးမေဆိုသော ရဲရဲတောက် တော်လှန်ရေးမယ်တစ်ဦး မွေးဖွားလာသည်။ အိမ်စိုးမေသည် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် ယောကျ်ားဘသား တော်လှန်ရေးသမားများနှင့် ရင်ပေါင်တန်းကာ လွတ်လပ်ရေးတိုက်ပွဲတွင် ရှုပ်ရှုပ်ချုံချုံပါဝင် တိုက်ပွဲဆင်နွှဲခဲ့သည်။

မျိုးဆက်သစ်တိုင်း မိမိတို့၏ လက်ရှိခေတ်ထက် ပိုကောင်းသော အနာဂတ်ကို ဖန်တီးပေးရန် တာဝန်ရှိသည်ဟု အိမ်စိုးမေ ခံယူထားသည်။ ယင်းခံယူချက်ကြောင့်ပင် အမိနိုင်ငံ လွတ်လပ်ရေးအတွက် အသက်ကိုပင် စတေးကာ အနာဂတ်ကို ရင်ဆိုင်ဖို့ အတိတ်က ဒဏ်ရာဒဏ်ချက်များမှာ ခွန်အားမွေးကာ တိုက်ပွဲဝင်ရင်း **တစ်ခါက ရောဝတီညများ** ဇာတ်လမ်း ဖြစ်ပေါ်လာသည်။

တစ်ခါက ရောဝတီညများတွင် လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ညွန့်ဝင်း၊ မေသန်းနု၊ မင်းဟိဏ်းနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားသည်။ လှိုင်လှိုင်ထွက်နေသော အချစ်ဟာသဇာတ်မြူးကားများကြားမှ ထူးထူးခြားခြားထွက်ပေါ်လာသော နယ်ချဲ့တော်လှန်ရေး ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် အကယ်ဒမီ ထွန်းအိန္ဒြာဗိုကို ရဲရဲတောက်တော်လှန်ရေးမယ် အိမ်စိုးမေအဖြစ် ပီပီပြင်ပြင် မြင်ရမည်ဖြစ်သည်။

‘တစ်ခါက ရောဝတီညများ’ ဇာတ်ကားမှ ထွန်းအိန္ဒြာဗို၏ သရုပ်ဆောင်ကွက်။

ရုပ်ရှင်သတင်းထောက်

အချစ်ရဲ့နယ်စပ်

ရွှေဆောင်နှင့် နဝဒေးရုံတွင် ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်တို့၏လက်ရာ **အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး** ဆက်လက်ပြသနေသည်။ ကျော်ရဲအောင်၊ ဒွေး၊ မင်းဟိဏ်း၊ အိန္ဒြာကျော်ဇင်၊ နဝရတ်တို့က **အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး**ကို ဖန်တီး တည်ဆောက်ထားသည်။

မကြာမီရုံဝင်လာမည့် ‘ငိုအားထက် ရယ်အားသန်’ကြမည့် ဇာတ်ကားမှ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦး၊ သျှားညိုနှင့် ဇာဂနာ။

ရွှေဂုန်ရုံမှ ‘နှလုံးသားဒဏ်ရာ’ ရကြသူများ။

နိုင်ငံခြားဇာတ်ကား

နေပြည်တော်ရုံတွင် Anacondas အက်ရှင်ဇာတ်ကား ဆက်လက်အောင်ပွဲခံနေပြီး ရွှေဂုန်ရုံတွင် Dillagi ခေါ် **နှလုံးသားဒဏ်ရာ** အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။

နှလုံးသားဒဏ်ရာ ဇာတ်ကားမှာ ညီကို အလွန်ချစ်သော ဟိုတယ်ပိုင်ရှင် အစ်ကိုကြီးနှင့် အပျော်ကျူးနေသော တက္ကသိုလ်ကျောင်းသား ညီငယ်တို့အကြား တက္ကသိုလ်ကျောင်းသူ မိန်းမချောလေးတစ်ဦး ဝင်ရောက်လာသောအခါ နှလုံးသားဒဏ်ရာ ကိုယ်စီရကြသော မေတ္တာဖွဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာသည်။ ယင်းဇာတ်ကားကို သရုပ်ဆောင်ဒါရိုက်တာအဖြစ် ဆန်နီဒိုးလ်ကိုယ်တိုင် ပထမဆုံး ရိုက်ကူးထားသည်။

လက်တွဲဖော်

လမင်းမိုမို၏ ဝတ္ထုကိုဇာတ်ညွှန်းနှင့် ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ရိုက်ကူးသော **လက်တွဲဖော်** မြို့မရုံတွင် ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

ငိုအားထက်ရယ်အားသန် ရုံတင်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

ငြိမ်းမင်း၏ ဇာတ်ညွှန်းကို မောင်မျိုးမင်း(ရင်တွင်းဖြစ်) ဖန်တီးသည့် **ငိုအားထက်ရယ်အားသန်** အချစ်ဟာသဇာတ်မြူးကား မကြာမီ ရုံတင်မည်ဖြစ်သည်။ ‘ရယ်သောသူသည် အသက်ရှင်၏’ ဟူသော ဆိုရိုးစကားအတိုင်း ရယ်ရင်း အသက်ရှည်ချင်သူများ၊ မရယ်ရတာ ကြာပြီဖြစ်လို့ ရယ်ဖို့မေ့နေသူများ ငိုအားထက်ရယ်အားသန်တွင် ရယ်စရာမျိုးစုံ ကြုံရမည်။

လွင်မိုး၊ ဇာဂနာ၊ မင်းဟိဏ်း၊ သျှားညို၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦး၊ မြင့်မြင့်ခိုင်တို့ခေါင်းဆောင်ပြီး ဟာသကျော်များ မည်သို့ **ငိုအားထက် ရယ်အားသန်**ကြမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုံပျံအမှတ် (၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ရက်က ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် အမှာစကားပြောကြားစဉ်။ (ခရိုင်ပြန်/ဆက်)

ဝန်ကြီးဦးသန်းအောင် သင်ထောက်ကူပစ္စည်းများပေးအပ် အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ၌ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသားကျောင်းသူများအတွက် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

ရှင်းလင်းမှာကြား

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း ပခုက္ကူပညာရေးကောလိပ်သို့ရောက်ရှိပြီး ပညာစစ်သည်ခန်းမ၌ ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦး၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးကောလိပ် သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသူများနှင့်တွေ့ဆုံ၍ ပညာရေးဌာနက ဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရည် မြင့်မားရေးဆိုင်ရာကိစ္စများကို ရှင်းလင်းမှာကြားသည်။

ပေးအပ်

ထို့နောက် ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းခန်းမ၌ ပခုက္ကူမြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများနှင့် တွေ့ဆုံအမှာစကား ပြောကြား၍ ကျောင်းအတွက် သင်ကြားရေး အထောက်အကူပြုပစ္စည်းများပေးအပ်သည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ဝန်ကြီးသည် ပခုက္ကူတက္ကသိုလ် ပင်မဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးကာ e-Learning Centreများ၌ သင်ကြားသင်ယူနေမှုများကို စစ်ဆေးပြီး ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မကွေးတိုင်း ရေစကြိုမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် စစ်ကိုင်းတိုင်း မြင်းမူမြို့ အခြေခံပညာ အထက်တန်းကျောင်းတို့သို့ ရောက်ရှိကာ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြားပြီး ကျောင်းအတွက်သင်ကြားရေးအထောက်အကူပြုပစ္စည်းများပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ဒေးယျံ အရှင်ဥတ္တရ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက်ပဓာန နာယက ဓမ္မာစရိယနယ်လှည့် ဓမ္မကထိက အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်ဥတ္တရသည် သံတွဲမြို့ အံတော်စေတီ ထီးတင်ပွဲ၊ တောင်ကုတ်မြို့ ဦးခန္တီ တောင်ဘုရားပွဲ၌ လည်းကောင်း၊ ဖေဖော်ဝါရီ၈ရက်နှင့်၉ရက်ညများတွင် မင်းပြားမြို့ ပဉ္စသီလရက္ခိတအသင်း၌ လည်းကောင်း၊ ၁၁ရက်နှင့် ၁၂ရက် ညများတွင် မြောက်ဦးမြို့ ဗန္ဓုလကျောင်း၌ လည်းကောင်း၊ ၁၃ရက်နှင့် ၁၄ရက်ညများတွင် စစ်တွေမြို့ သကျမုနိဘုရား၌ လည်းကောင်း၊ ၁၇ရက်ညတွင် ရန်ကုန်မြို့ အလုံ လွှတ်လပ်ရေးရပ်ကွက်၌ လည်းကောင်း၊ ၁၈ရက်နှင့်၁၉ရက်ညများတွင် ကဝမြို့နယ် သက္ကလရွာ၌ လည်းကောင်း၊ ၂၂ရက်နှင့် ၂၃ရက် ညများတွင် ကျုံပျော်မြို့နယ် ကြို့ကုန်းပြည်တော်အေးစေတီ ဘုရားပွဲ၌ လည်းကောင်း၊ ၂၄ရက် ညတွင် သန်လျင်မြို့နယ် လဟာရက်ရွာ ဂုဏဝိသိဋ္ဌပူဇော်ပွဲ၌လည်းကောင်း၊ ၂၆ရက်၊ ၂၇ရက်နှင့် ၂၈ရက်ညများတွင် ဓနုဖြူမြို့နယ် သံကြိုးရွာ ဝိနည်းစာတော်ပြန်ပွဲ၌ လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ချင်းတွင်းအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ ချင်းတွင်းအသင်းမိသားစုများ တက်ရောက်ကြရန်နှင့် အသက် ၈၀ အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်သူ ရန်ကုန်ရှိ အသင်းဝင်များ၏ သားသမီးများ အမည်စာရင်း၊ သက်ကြီးအသင်းဝင်များ၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၅ရက် နောက်ဆုံးထား၍ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်စန်းစန်း ဖုန်း-၅၄၉၄၁၂၊ ဦးဝင်းဌေး ဖုန်း-၅၂၄၃၈၅နှင့် အသင်းတိုက် ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခ်ြအမှတ် ၂၇ အခန်းအမှတ် ၅၇တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၂)တောင်ဥက္ကလာပ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

တောင်ဥက္ကလာပမြို့နယ် အထက(၂)ကျောင်းတွင် ၁၉၅၉ခုနှစ်မှ၂၀၀၄ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ အသက်၅၀နှင့်အထက် ဆရာ၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့)နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမဆောင်တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုဇော်ဝင်း ဖုန်း-၅၇၃၀၉၄၊ ကိုမင်းသိမ်း ဖုန်း-၀၉-၅၀၁-၀၈၇၃၊ ကိုသိန်းအောင် ဖုန်း-၀၉-၅၀၀-၈၄၉၃နှင့် မခင်ငြိမ်းမိုး ဖုန်း-၅၇၁၅၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၂၆ရက်က စတုတ္ထအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်-၂၀၀၅တွင် ပြခန်းများ၌ ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၃၀-၁-၂၀၀၅) ရက်နေ့

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၀၅)ရက်နေ့ နှင့် (၂၇-၂-၂၀၀၅)ရက်နေ့

ကမ္ဘာတစ်လွှား အားကစား

ဩစတြေးလျ အိုးပင်းတင်းနစ် ဒါဗင်ပို့စ်နှင့်ရှာရာပိုဗာ အကြိုဗိုလ်လုပွဲတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၇

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဗုဒ္ဓဟူးနေ့ကကျင်းပရာ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်လင်ဆေးဒါဗင်စ်ပို့က ကမ္ဘာ့အဆင့်၁၀ရှိ အလီစီယာမိုလစ်အား ၆-၄၊ ၄-၆၊ ၉-၇ ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

ထို့အတူ ရုရှားမှ ဝင်ဘလေဒန်ချန်ပီယံရှာရာပိုဗာသည် တစ်နိုင်ငံတည်းသူ ကွတ်ဇ်ညက်ဆိုဗာအား ၄-၆၊ ၆-၂၊ ၆-၂ ဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ **(ရိုက်တာ)**

ချယ်လ်ဆီးအသင်းမှ လန်းပတ်က မန်ချက်စတာယူနိုက်တက်အသင်းမှ ပေါလ်စခိုးလ်အား ကျော်ဖြတ်ကာ ချယ်လ်ဆီးအတွက် ဖွေဆော်ဦးဂိုးကို ဤသို့သွင်းယူခဲ့သည်။ (အင်တာနက်)

ချယ်လ်ဆီးက မန်ယူကိုအနိုင်ယူ လီဗာပူးနှင့်ကားလင်းဖလားဗိုလ်လုမည်

အင်္ဂလန် ဇန်နဝါရီ ၂၇

အင်္ဂလိပ်ကားလင်းဖလား ဒုတိယအကျော့ အကြိုဗိုလ်လုပွဲစဉ်ကို ဇန်နဝါရီ ၂၆ရက်ကကျင်းပရာ ချယ်လ်ဆီးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အိမ်ကွင်းအိုးထရက်ဖို့စ်ကွင်း၌ အနိုင်ရရှိရေးအကြိတ်အနယ် ကြိုးစားသော်လည်း ကားလင်းဖလားကို လက်လွှတ်လိုက်ရသည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီးယားလိဂ်ဖလားအပြင် ကားလင်းဖလားကိုပါရယူရန် ရေပန်းစားလျက်ရှိသည်။

ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးများကို လန်းပတ်က ၂၉မိနစ်တွင် သွင်းယူခဲ့သည်။

သို့ရာတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ရိုင်ယန်ဂစ်က ၆၇ မိနစ်တွင် ချေပဂိုးသွင်းယူ၍ သရေပွဲဖြစ်နေခဲ့သည်။ ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် ချယ်လ်ဆီးအသင်းမှ ဒါမီယန်ဒပ်ဖ်က တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ အောင်ပွဲဆင်နိုင်ခဲ့သည်။

ယမန်နေ့က လီဗာပူးအသင်းသည် ဝေါ့ဖုဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ ဖေဖော်ဝါရီ ၂၇ရက်တွင် ကားလင်းဖလားအတွက် သူနိုင်ကိုယ်နိုင် အပြိုင်နွှဲကြရမည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၁-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာ) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
- ၈:၂၅ ၉။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၃၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၄၀ ၉။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၅၀ ၁၀။ မြန်မာစာ၊မြန်မာစကား
- ၁၈:၀၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၁၀ ၁၂။ Discovery
- ၁၈:၁၅ ၁၃။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၃၀ ၁၄။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၅။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"**(အပိုင်း- ၂)
- ၁၉:၃၅ ၁၇။ ပြည်ထောင်စု စိတ်ဓာတ်မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်) (တစ်နေ့တာ)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **"မမေ့နိုင်တာချစ်လို့"** (အပိုင်း-၂) လူမင်း၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-ဟိန်းစိုး)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မီးဘေးအန္တရာယ် အစဉ်သတိပြု ကာကွယ်

အထက(၃)ကြည့်မြင်တိုင်မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

အထက(၃)ကြည့်မြင်တိုင် ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၅ရက် (တောင်သူလယ်သမားနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ရက်မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ပြုလုပ်မည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းတိုင်း မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဆရာမဒေါ်ခင်လေးမာ ဖုန်း-၇၀၇၃၄၇၊ ဆရာမဒေါ်စန်းဝင်းနှင့် ဆရာမ ဒေါ်ငွေးရီ(ကျောင်းသူဟောင်း)ကျောင်းဖုန်း-၂၂၀၃၈၀၊ ဦးသိန်းဝင်း ဖုန်း-၅၃၈၆၉၈၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄၊ ဦးမြင့်သန်း ဖုန်း-၀၉-၈၀-၂၄၄၆၉၊ ဦးစန်းဝင်း(ဆန်နီ)ဖုန်း-၀၉-၉၉-၂၄၆၇၁၊ ဦးချာလီမောင် ဖုန်း-၀၉-၅၀-၁၅၃၁၃၊ ဦးကြည်ကိုနှင့် ဦးခင်မောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သဃ်န်းကျွန်းမြို့နယ် (၈)တောင်ရပ်ကွက် ဝေဇယန္တာ ဥယျာဉ်လမ်းသွယ် ၃နေ ဦးစောလှိုင်(သံအမတ်ကြီး၊ငြိမ်း)-ဒေါ်မြင့်မြင့် မိသားစုက ရွှေနားပန်စေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ်လေးသိန်းကို ဇန်နဝါရီ၂၄ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌ ဦးသာဒင်က လက်ခံယူစဉ်။ (က-ပ)

အာဆီယံရီကွာဖူလုံရေးသတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံ+၃နိုင်ငံများမှ အာဆီယံရိက္ခာဖူလုံရေးသတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ်အစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များကအမျိုးသားအဆင့် အစည်းအဝေးကျင်းပမှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများမှ ကိုယ်စားလှယ်များက စီမံကိန်းဆိုင်ရာ သင်တန်းများ ပို့ချနိုင်ရေးအတွက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းဘောလုံး ဘဏ္ဍာ/အခွန်နိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲအဖြစ် ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့်လယ်ယာ/ဆည်မြောင်းအသင်းတို့ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရသည်။

ယနေ့ပွဲ (သုဝဏ္ဏကွင်း)

စီးပွား/ကူးသန်းနှင့် ကမ္ဘောဇအသင်း

(အောင်ဆန်းကွင်း)

ပြည်ထဲရေးနှင့် ဆောက်လုပ်ရေး။

(မြန်မာ့အလင်း)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့်

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသော တနင်္သာရီတိုင်း၊ ပုလောမြို့နယ် ကျောက်ကာကျေးရွာ၏ ဂုဏ်ယူဆောင်နှသော

သုဓမ္မမဏိဇောတဓရ ဦးမောင်လှ

အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ ဆက်လက်၍ ကိုယ်စိတ်နှင့် လူမျိုးအကျိုး၊ သာသနာအကျိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ညီအစ်ကိုမောင်နှမများ -

(၁) ဦးကျော်မြင့်+ ဒေါ်တင်ရီ (၅) ဦးတင်ဝွမ်း + ဒေါ်ယုယုလွင်
(၂) ဦးတင်ဟို+ဒေါ်ငြိမ်ရီ (၆) ဦးဝွမ်းတုန်
(၃) ဦးကြည်ဝွမ်း+ ဒေါ်အင်ကြူ (၇) ဦးကြည်တုန် + ဒေါ်ခင်ကြိုင်
(၄) ဒေါ်တင်ရီ (၈) ဦးဝွမ်းတိတ် + ဒေါ်မြင့်မြင့်စီ

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက
အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့်
သီဟသုဓမ္မသိင်္ဂီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို
မန္တလေးမြို့ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့(ဥက္ကဋ္ဌ) ဦးစိန်မြင့်၏ဇနီး
သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းကြူ (မန်နေဂျင်းဒါရိုက်တာ)(ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်နှင့်အဆင့်မြင့်ဒုံးပျံဂျုံစက်)
နှင့်
Gold Uni Jewelry Co., Ltd. (ဥက္ကဋ္ဌ) ကိုချောင်၏ဇနီး
သီဟသုဓမ္မသိင်္ဂီ ဒေါ်ရွှေခင် (မန်နေဂျင်းဒါရိုက်တာ) Gold Uni Jewelry Co., Ltd.
တို့အား
ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ အထူးဝမ်းမြောက် ဂုဏ်ယူအပ်ပါသည်။
ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့အတွက်
ဆတက်ထမ်းပိုး အကျိုးပြုဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

လူမျိုးစုဘုံကျောင်းလူမှုရေးအသင်း
ပုညဝမုနကာရီ (ရှင်းစန်စီ) ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့၊
မင်းတဲအီကင်း၊ မင်္ဂလာရဲညွှန့်ရပ်၊ ၁၉လမ်း၊ မန္တလေး။

ဆရာငွေ အင်္ဂလိပ်စာသင်တန်း

Ph-286871

10th Anniversary
29-1-05 TAPE, CD ထွက်ပြီ
Dagon Centre,
Actor Corner
EXAMPLEZ Live Show I & II
Audio CD
Examplez Show
CMP, No: 524, Lower Kyimyindine Rd, Yangon. Tel :212443

ပေါ်ဆန်းမွှေးဟောင်းပေါ်ဆန်းမွှေးသစ်

Ks - 5000
Ks - 3000
Myanmar Convention Centre
၂၉-၁-၂၀၀၅
(စနေနေ့)
ည (၇) နာရီ
(Beauty Saloon)
(Beauty Saloon) Master

ခုတိယအကြိမ်
MOSFLY
MOSFLY ကံစမ်းမဲဖွင့်ပြီ
ကျပ် ၁၀၀၀၀ (၂၂) ဆု
ကျပ် ၅၀၀၀ (၅၄) ဆု
ကျပ် ၁၀၀၀ (၁၆၈) ဆု
ပေါက်ဆုမဲများကို (၃-၂-၂၀၀၅) နေ့ထုတ် 7 Day News ဂျာနယ်တွင် ကြည့်ရှုပါ။

ရေစကြိုမြို့နယ်တွင် ကျေးရွာစက်ရေတွင်းဖွင့်

တစ်နာရီ ရေဂါလန် ၇၅၀ ထွက်ရှိ

ရေစကြို ဇန်နဝါရီ ၅

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်၁၀၈၅၀၀၀ဖြင့် တူးဖော်ဆောင်ရွက်ပေးခဲ့သော ရေစကြိုမြို့ရွာထောင်ကျေးရွာအုပ်စု လက်ပံပင်ကျေးရွာတွင် နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၂ရက် နံနက်၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်တို့က ကျေးရွာစက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါ နှစ်လက်မစက်ရေတွင်းသည် တစ်နာရီလျှင် ရေဂါလန် ၇၅၀ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပင်မြို့နယ် အင်းလေးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း

ဘက်စုံပညာရည်ချွန် ဆုပေးပွဲနှင့် စုံညီပွဲတော်ကျင်းပ

ဟိုပင် ဇန်နဝါရီ ၂၀

ကချင်ပြည်နယ် ဟိုပင်မြို့နယ် အင်းလေးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ၁၃ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့သစ်ကလေး အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မြင့်နှင့် အင်းလေးကျေးရွာဥက္ကဋ္ဌ ဦးစံအုန်းတို့က အမှာစကားပြောကြားကြပြီး အင်းလေးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကံမြက ကျောင်း၏ပညာရေးနှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက်ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ၂၀၀၃- ၂၀၀၄ခု ပညာသင်နှစ်တွင် အင်းလေးကျေးရွာမှ ဝိဇ္ဇာဘာသာတွဲတွင် နှစ်ဘာသာဂုဏ်ထူးရကျောင်းသူ မဆွေဇင်သိန်း အပါအဝင် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူလေးဦး၊ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ကျောင်းအုပ်ဆရာကြီး ဦးကံမြနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၂၅ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်အဖွဲ့ လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဒေါနိုးကူးရပ်ကွက်နှင့် ဒေါတမရပ်ကွက်သို့ ဆက်သွယ်သည့် ဒေါနိုးကူး သစ်သားတံတားကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

လက်ပံတန်းမြို့နယ် မြို့မရပ်ကွက် ပညာဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးညွန့်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းရီနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ဒီဇင်ဘာ ၃၀ ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်း မြို့သန့်ရှင်း သာယာလှပရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(နယ်စပ်/စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ပင်လောင်းမြို့တွင် ဖူးပွင့်စုံ ကျေးလက်စာကြည့်တိုက်ဖွင့်

ဒေသဖွံ့ဖြိုးရေးစာကြည့်တိုက်များ အရေးပါပုံဟောပြော

ပင်လောင်း ဇန်နဝါရီ ၁၀

ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာ အုပ်စုထိတမောင်းရွာ ဖူးပွင့်စုံ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက် နံနက်၁၀နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ကျင်းပသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောလှဦး၊ အဖွဲ့ဝင်(၁) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သောင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည် သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတွင် စာကြည့်တိုက်များ အရေးပါပုံကို ဆွေးနွေးဟောပြောသည်။

ပေးအပ်လှူဒါန်း

စာကြည့်တိုက်သို့ အလှူရှင်များက စာအုပ်မျိုးစုံ ၇၇ အုပ်၊ ဂျာနယ်မျိုးစုံ၆၀၊ရန်ပုံငွေကျပ်၁၅၀၀၀၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မဂ္ဂဇင်းမျိုးစုံ အုပ်၅၀၊ ဂျာနယ် ၂၃ စောင် စုစုပေါင်းစာအုပ် မျိုးစုံ ၁၂၇ အုပ်၊ ဂျာနယ်မျိုးစုံ၈၃စောင်၊ ရန်ပုံငွေကျပ် ၁၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံရယူကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် စာကြည့်တိုက်အား မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦး၊ အဖွဲ့ဝင်(၁)ဦးမြင့်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)** စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီပဲယင်းမြို့နယ် မိတ်ဆွေစစ် စာကြည့်တိုက်

နှစ်ပတ်လည် အခမ်းအနားကျင်းပ

ဒီပဲယင်း ဇန်နဝါရီ ၅

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဖုတ္တန်းကျေးရွာ မိတ်ဆွေစစ်စာကြည့်တိုက်နှစ်ပတ်လည်အခမ်းအနားကိုဒီဇင်ဘာ ၂၉ရက်နံနက်က အဆိုပါစာကြည့်တိုက် ဓမ္မာရုံတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်ကျော်ဦးက အမှာစကားပြောကြားသည်။ထို့နောက် စာကြည့်တိုက် တာဝန်ခံ ဦးတေဇနိယလင်္ကာရက စာကြည့်တိုက်ဆိုင်ရာ ငွေစာရင်းနှင့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်လင်းက စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားပြီး စာကြည့်တိုက် အသင်းဝင်များက ကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တပ်ကုန်းမြို့နယ်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ ရှင်းလင်းဟောပြော

တပ်ကုန်း ဇန်နဝါရီ ၈

တပ်ကုန်းမြို့နယ် ထုံးဘိုအုပ်စု အုပ်စုလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲများကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက တလင်းကုန်း၊ မရိုးကုန်း၊ ဒဟတ်တော နှင့် ထုံးဘိုရွာတို့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နံနက် ၉ နာရီတွင် တလင်းကုန်းကျေးရွာ ပညာဂုဏ်ရည် စာကြည့်တိုက်ကိုလည်းကောင်း၊ နံနက် ၁၁ နာရီတွင် မရိုးကုန်းကျေးရွာ အလင်းရောင်စာကြည့်တိုက်ကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ထုံးဘိုကျေးရွာ ပညာအလင်းရောင် စာကြည့်တိုက်ကိုလည်းကောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဌေးဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဟောပြော

ထို့နောက် ဟောပြောပွဲကို ထုံးဘို ကျေးရွာတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးဌေးဝင်းက စာကြည့်တိုက်များဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ပညာရေးတွင် စာပေနှင့် စာကြည့်တိုက်များ အရေးပါမှုကိုလည်းကောင်း ဟောပြောဆွေးနွေးကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး စာအုပ်များလှူဒါန်း၊ စနစ်တကျ ထိန်းသိမ်းရေး ဟောပြောဆွေးနွေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၀

ကျောက်ပန်းတောင်းမြို့နယ် တံခါးမ ကျေးရွာအုပ်စု အတွင်းရှိ တံခါးမ၊ ရွာမ၊ ကြံစို့နှင့် ရွာပုကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်များ ပေးအပ်လှူဒါန်းပွဲနှင့် စာအုပ်များ စနစ်တကျ ထိန်းသိမ်းရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ၁ နာရီက တံခါးမကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစံမြို့က ဟောပြောဆွေးနွေးပြီး စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဂန့်ဂေါမြို့နယ် လယ်ကြီး ကျေးရွာအုပ်စု စမ်းမြို့ရွာ ကိုယ့်အားကိုယ်ကိုး သုတဝေဖြာ စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းရွှေနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၇၃)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၉၈၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဘောလခဲမြို့တွင် ရွာ့ကျက်သရေ စာကြည့်တိုက်ဖွင့် စာအုပ်များလှူဒါန်း၊ ရည်ရွယ်ချက်ရှင်းလင်း

ဘောလခဲ ဇန်နဝါရီ ၁၄

ကယားပြည်နယ် ဘောလခဲမြို့နယ် နန်းနောက်ကျေးရွာ ရွာ့ကျက်သရေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက်၁၀နာရီခွဲကကျေးရွာအခြေခံပညာမူလတန်းကျောင်းရှေ့တွင် ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးကြည်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးလှရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လက်ခံရယူ

ဆက်လက်၍ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးလှရွှေက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်များကို ဆွေးနွေးဟောပြောသည်။ ထို့နောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးကြည်ဝင်းက စာအုပ်များ လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောပြီး စာအုပ်များပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဘမြင့်က လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

စာပေပန်းဥယျာဉ် စာကြည့်တိုက်ဖွင့်၊ စာအုပ်များလှူဒါန်း

ကျောက်မဲ ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်နောက်ကျေးရွာ စာပေပန်းဥယျာဉ် ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူး ဦးတင်မောင်ဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမောင်ကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုက စာကြည့်တိုက်များဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များရှင်းလင်း ပြောကြားသည်။

လက်ခံရယူ

ထို့နောက် စာပေပန်းဥယျာဉ် စာကြည့်တိုက်သို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စေတနာရှင်များက စာအုပ်များပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(ခရိုင် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မတ္တရာ ဇန်နဝါရီ ၁၀

မတ္တရာမြို့နယ် ဆိပ်သာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၁၁နာရီက အဆိုပါကျေးရွာတွင် ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးကံနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အမှာစကားပြောကြား)

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရုပ်သံကျွမ်းကျင်-၃ ဒေါ်ဆွေဆွေတင့်က စာပေမှရရှိသည့် အနှစ်သာရများနှင့် ပြန်ကြားရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်မြို့နယ်တွင် ကျေးလက်စာကြည့်တိုက်ဖွင့်

ပေါင် ဇန်နဝါရီ ၅

ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၁၂ရက်က ကော့တဒိုက်ကျေးရွာ သွေးစည်းသံ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးသောင်းရွှေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်စာကြည့်တိုက်အတွက် မဂ္ဂဇင်းစာအုပ်မျိုးစုံ ၅၀ ကိုလှူဒါန်းရာ ကျေးရွာ ဥက္ကဋ္ဌ ဦးသောင်းရွှေက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေးကိုရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ရန်အောင်မြင် မြို့ဦးဆုတောင်းပြည့်စေတီ အထက်ဌာပနာတော်သွင်းလှူ ပူဇော်ပွဲကျင်းပ

ပိန်းဇလုပ် ဇန်နဝါရီ ၂၃

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ပိန်းဇလုပ်ကျေးရွာအုပ်စု ရွှေပေါက်ကံရပ်ကွက် မြို့ဦးကျောင်းတိုက်၌ တည်ထားကိုးကွယ်မည့် ရန်အောင်မြင်မြို့ဦး ဆုတောင်းပြည့်စေတီတော် အထက်ဌာပနာတော်သွင်းလှူပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၁၀နာရီက အဆိုပါ မြို့ဦးကျောင်းတိုက် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့ဦးကျောင်းတိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံမြေး က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက ဆက်ကပ်လှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် လှူဖွယ် ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို မင်္ဂလာမဏ္ဍပ်အတွင်းမှ ပင့်ဆောင်ကြပြီး စေတီတော်မြတ်အား လက်ယာရစ်တစ်ပတ် လှည့်လည် အပူဇော်ခံပြီး မင်္ဂလာအခါတော်အချိန်တွင် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူး တင်မောင်ဆွေက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အထက်ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်၍ ဌာပနာတိုက်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ **(ယာပုံ) (က-ပ)**

မြန်မာ့အသံ

၂၈-၁-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ရန့်စုံ၊ အရွယ်စုံ၊ အရောင်စုံ ဆပ်ပြာမွှေးမျိုးစုံထုတ်လုပ်မှု)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်မြင်းခွာပင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ခွင့်လွှတ်၍သာ ပြုံးနေချင်)

ညနေပိုင်း

၁၆း၃၀ ဆွေးနွေးခန်း(ဝိုင်းမော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)
၁၇း၃၀ အဘိုးအဘွားအလေးထား (ပုသိမ်မြို့ ဘိုးဘွားရိပ်သာ)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၃၀ ကျေးလက်ဇာတ်လမ်း (သုံးတတ်ပါစေ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (မြေငလျင်လှိုင်းများအကြောင်း- မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (သစ္စာပန်း)

မူဆယ်မြို့ ဈေးရပ်ကွက်လမ်းသွယ်(၁)ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၂၁ သိန်းကျော် အကုန်ကျခံဆောင်ရွက်

မူဆယ် ဇန်နဝါရီ ၅

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် မူဆယ်မြို့ ဈေးရပ်ကွက်လမ်းသွယ်(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်ကွက်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်က လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။ ထို့နောက် ကတ္တရာလမ်းသစ်ကို မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးရန်နိုင်နှင့် ဈေးရပ်ကွက်နေ ဦးထွန်းကြည်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

မူဆယ်မြို့ ဈေးရပ်ကွက်လမ်းသွယ်(၁)ကတ္တရာလမ်းသစ်သည် အရှည်ပေ၁၀၅၀၊ အကျယ်၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၂၁ဒသမ၃၃သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

ပိုလီယိုကာကွယ်ဆေး တီးတိန်မြို့၌ တိုက်ကျွေး

တီးတိန် ဇန်နဝါရီ ၁၄

ချင်းပြည်နယ် တီးတိန်မြို့တွင် ဒုတိယအကြိမ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့ကို ဇန်နဝါရီ ၉ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်စွာ ဦးဆောင်သော ကျန်းမာရေးဌာနဝန်ထမ်းများသည် မြို့ပေါ်စုရပ် ငါးနေရာ၌ ငါးနှစ်အောက်ကလေးများအား နံနက် ၇နာရီမှ စတင်၍ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသခန်းမဆောင်တွင် လှိုင်းဘွဲ့မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာ ၃၁ရက်က ပေးအပ်ရာ ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ခေတ္တပြည်နယ် ဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးဌာနမှူး ဦးစောထွန်းလှမြိုင်က ဦးစောသာထူးကျော်ထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဒဿနိကဗေဒ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ဒဿနိကဗေဒ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် အာစရိယပူဇော်ပွဲသို့ ဒဿနိကဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အတူတကွ ဆုံစည်းပူဇော်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃၀-၁-၂၀၀၅
အချိန် - နံနက် ၀၉း၀၀ နာရီ
နေရာ - တက္ကသိုလ်များဓမ္မာရုံ

ဖုန်း-၅၃၅၇၂၉
အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

ကန့်ကွက်နိုင်ပါမည်

မော်တော်ဆိုင်ကယ်အမှတ် လရ/၁၄၃၅၁ လက်ဝယ်ရှိသူသည် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားပါသဖြင့် (၁၅)ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ရန်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)။**

အမှတ်(၁)စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်စစ်ဆေးရေး
သင်တန်းသားခေါ်ယူခြင်း

လျှပ်စစ်ကျွမ်းကျင်မှု(မွမ်းမံ)သင်တန်းကို (၁၄-၂-၂၀၀၅)ရက်နေ့မှစ၍ ရက်သတ္တ(၄)ပတ်ကြာ ဖွင့်လှစ်မည် ဖြစ်ပါသည်။ AGTI, GTC အောင်မြင်သူ (သို့မဟုတ်) ဤဌာနမှ ဖွင့်လှစ်သော လျှပ်စစ်ကျွမ်းကျင်မှု (အခြေခံ)သင်တန်း တက်ရောက်ပြီးသူများသည် သင်တန်းတက်ရောက်လိုပါက (၇-၂-၂၀၀၅)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ် လျှောက်ထားနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

လျှပ်စစ် စစ်ဆေးရေးဌာန
အမှတ် ၃၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၆၃၇၅၇၊ ၆၆၃၇၅၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်-၆၃/၆၄/၆၅/မမ/ပြည်တွင်း(CME)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Mitusbishi 8DC9 Engine & Accessories	1 Set
2.	Painting Material	1 Lot
3.	M.S Plate, Channel, Angle, Round Bar	1 Lot
4.	G.I Pipes & Accessories	1 Lot
5.	Hex Bolt & Nut, Electrode, Cutting Disc	1 Lot
6.	12 V Battery & 2V Battery	1 Lot
7.	Electrical Equipment	1 Lot
8.	Bearings	1 Lot
9.	Phenolic Resin	3 Ton

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်-၉-၂-၂၀၀၅(ဗုဒ္ဓဟူးနေ့) (၁၂း၀၀)နာရီ။

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၆-၁-၂၀၀၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊
မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်
ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ပါရမီလမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပ
ချိပ်ပိတ်တင်ဒါအမှတ် ၀၁/ဗန္ဓုလ/သယ်ပို့/၂၀၀၄-၂၀၀၅

၁။ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်ပိုင် ဆယ်တင်ယာဉ် ၆ခ/---၊(Brake Down)တစ်စီးအား ချိပ်ပိတ်တင်ဒါ (ဈေးပြိုင်)စနစ်ဖြင့် (၃၁-၁-၂၀၀၅)ရက်နေ့တွင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် (ရွှေမန်းသူ)တောင်ဥက္ကလာပ၊(၄)ရပ်ကွက်၊ ပါရမီလမ်းတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသူများသည် (၂၅-၁-၂၀၀၅)ရက်မှ အစပြု၍ မှတ်ပုံတင်ကြေးကျပ်(၁၀၀၀ိ/) ပေးသွင်း၍ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ် မေးမြန်းစုံစမ်းလိုသူများသည် အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ပါရမီလမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပ။
(ယခင် RTCဝင်း)ဖုန်း-၅၇၃၂၅၇၊ ၅၇၃၂၅၉။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ်တံတားနှင့်ရောဝတီတံတား(ရတနာပုံ)စစ်ဆေး မြစ်ငယ်တံတားတည်ဆောက်ရေးလုပ်ငန်း ၇၅ရာခိုင်နှုန်းပြီးစီးနေပြီ ပစ္စည်းလိုအပ်ချက်နှင့် ဆောင်ရွက်မည့်လုပ်ငန်းလျာထားချက်များ ရှင်းလင်းတင်ပြ

ရန်ကုန် ဇန်နဝါရီ ၂၇

မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ယမန်နေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့ အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ရန်ကုန်-မန္တလေး ကားလမ်း စဥ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်အကြားရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ●

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံခြင်း အခမ်းအနားကိုမန္တလေးတိုင်း ညောင်ဦး ခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ်စံပြကျေးရွာ၌ ကျင်းပစဉ် (အောက်ဆုံးပုံ) နှင့် သဘာပတိ အဖွဲ့ဝင်များကို တွေ့ရစဉ်။

(အောက်ပုံ) (သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ်စံပြကျေးရွာ၌ကျင်းပ

သမိုင်းအစဉ်အလာကြီးမားသည့်ပြည်ထောင်စုနေ့ကို လူထုအစည်းအဝေးကြီးက အလွန်တန်ဖိုးထားဂုဏ်ပြု ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်ရေး စတင်ကျင်းပမည့်အမျိုးသားညီလာခံကြီး ကြိုဆိုထောက်ခံ

ညောင်ဦးခရိုင်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအစိုးရနှင့်ပူးပေါင်းပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့ နံနက် ၇နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ်စံပြကျေးရွာ၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်နှင့် အလုပ်အမှုဆောင်များ၊ ညောင်ဦးခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ညောင်ဦးမြို့နယ်အတွင်းရှိ သန့်စင်ကြယ်ကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ ဖျောက်ဆိပ်ပင်ကျေးရွာ၊ မင်းနန်သူကျေးရွာ၊ ဖွားစောကျေးရွာ၊ သူငွေးကန်ကျေးရွာ တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ အင်အား ၃၅၅၀ အင်တိုက်အားတိုက် တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁** ✡

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ "(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားများကို ပြည်နယ်နှင့်တိုင်း နေရာဒေသအသီးသီး၌ ဇန်နဝါရီ ၂၅ရက်နေ့မှစတင်၍ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ကြိုဆိုထောက်ခံလျက်ရှိကြသည်။" (ခေါင်းကြီး (စာ-၂))

❒ "ဧရာဝတီမြစ်ကူးတံတားကြီးများ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ဧရာဝတီ အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းဒေသများသည် ရခြားမခြားမနေတော့ဘဲ တစ်ဆက်တစ်စပ်တည်း ဖြစ်လာနေသည်မှာ ယနေ့ ပြည်သူများ ခံစားနေရသည့် လက်တွေ့ဘဝပင် ဖြစ်သည်။" (မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၏ ဆောင်းပါး (စာ-၁၀))